မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ် သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၃၄)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၂ ရက်၊ သောကြာနေ့


# လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကျင်းပ



လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၁

တတိယအကြိမ် ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ဗဟိုကော်မတီဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများမှ

စာမျက်နှာ ၅ ကော်လံ ၁ ⊃

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်လ်နီညိုဖြစ်ပေါ်နိုင်သော အခြေအနေများကို တွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ လာမည့်ဇွန်လမှစတင်၍ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည်ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ နေ့အပူချိန်များမြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(မိုး/ဇလ)


ဆောင်းပါး “ရဲရင့်သူတို့၏ ဂုဏ်ယူဖွယ်ရာအိမ်အပြန်ခရီး” စာ - ၆ သို့

နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာဂုဏ်ပြုကြိုဆို စာ - ၁၅ သို့

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများ လေ့လာရေးခရီးစဉ်များဆောင်ရွက် စာ - ၁၂ သို့





# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၂၂ ရက်)

## ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး

ကျောင်းအပ်နှံရေးသီတင်းပတ်လှုပ်ရှားမှုသည် နှစ်စဉ်ဆောင်ရွက်နေသည့် ပညာရေးဆိုင်ရာလုပ်ငန်းဖြစ်သည်။ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံရေးဆောင်ရွက်ကြရန်မှာ မေလ ၂၅ ရက်မှ ၃၁ ရက်နေ့အထိဖြစ်သည်။ "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"ဟူသောဆောင်ပုဒ်ဖြင့် ပညာရေးဝန်ကြီးဌာနက နှိုးဆော်တိုက်တွန်းထားသည်။ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်နှင့် ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade-1)သို့အပ်နှံရန်လည်း အသိပေးကြေညာချက်ထုတ်ပြန်ထားသည်။

ကျောင်းအပ်နှံရေးရက်သတ္တပတ်လှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိစေရန်နှင့် ပညာသင်ခွင့်မဆုံးရှုံးစေရန်ဖြစ်ပြီး လှုပ်ရှားမှုတွင် မိဘအုပ်ထိန်းသူများနှင့်လူထုတစ်ရပ်လုံးပါဝင်လာစေရန်ရည်ရွယ်ခြင်းဖြစ်သည်။ အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်ခြင်းကြောင့် ကျောင်းအပ်နှံရာတွင် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြသည်။ ကျောင်းအပ်နှံသူများအား မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ရိုးပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံလေးချောင်းနှင့် ကျောင်းဝတ်စုံတစ်စုံ၊ အလယ်တန်းနှင့်အထက်တန်းအဆင့်တို့တွင် သင်ရိုးပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သည်။

ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံးသိရှိလိုက်နာရမည့်အချက်များ၊ မိဘ၊ အုပ်ထိန်းသူပြည်သူများသို့မေတ္တာရပ်ခံချက်၊ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များကို ပညာရေးဝန်ကြီးဌာနက မေလ ၂၀ ရက်နေ့ထုတ်သတင်းစာများတွင် ပြည့်စုံစွာဖော်ပြပေးထားသည်။ ပညာရေးသည် လူသားတစ်ဦး၏ဘဝအနိမ့်အမြင့်ကို ဆုံးဖြတ်ပေးမည့်အရာဖြစ်ပေရာ ပညာရည်မြင့်မားအောင်ကြိုးစားခြင်းဖြင့် မိမိအတွက်၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့တွင် မည်သို့သောအခက်အခဲများရှိနေပါစေ မိမိတို့ရင်သွေးရတနာများကို ကျောင်းအပ်နှံခြင်းဖြင့် မိဘအုပ်ထိန်းသူတို့တာဝန်ကို ကျေပွန်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ လိုအပ်ချက်မရှိအောင် ထောက်ပံ့နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ပညာရေးအခြေအနေနှင့်စပ်လျဉ်း၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၌ဖော်ပြထားရာ ကျောင်းသား၊ ကျောင်းသူအများစုကျောင်းထွက်ရခြင်းသည် ပညာရေးစနစ်ကြောင့်မဟုတ်ဘဲ မိသားစုအတွင်း ဖိအားများကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဓိကအားဖြင့် မိသားစုကိုကူညီရန်၊ အိမ်အလုပ်များလုပ်ကိုင်ရန်၊ မိဘဆွေမျိုးများကို ပြုစုစောင့်ရှောက်ရန်ဟူသည့် အကြောင်းရင်းများဖြင့် ကျောင်းမှထွက်ရန် တွန်းအားပေးခဲ့ကြခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဧပြီလ ၁၀ ရက်က နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်းတွင် **"ပညာရေးမြှင့်တင်ဖို့ဆိုရင်လည်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေဖို့နဲ့ ကျောင်းထွက်နှုန်းလျှော့ချစေဖို့၊ ပညာကိုဆုံးခန်းတိုင်သင်ကြားကြစေဖို့ လိုအပ်ပါတယ်။ ပညာရည်နိမ့်ပါးရင် စဉ်းစားတွေးခေါ်မှုနဲ့လုပ်ကိုင်ဆောင်ရွက်မှုတွေဟာလည်း နိမ့်ကျနေမှာလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ အခြေခံပညာကဏ္ဍမှာ KG+9 အဆင့်ထိ အားလုံးသင်ယူနိုင်ကြဖို့ မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကိုမိဘများ၊ ဆရာများအပါအဝင် တာဝန်ရှိသူများနဲ့နိုင်ငံသားအားလုံးက သဘောပေါက်လက်ခံပြီး အောင်မြင်အောင်ဆောင်ရွက်ကြဖို့မှာကြားလိုပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အဆင့်မြင့်ပညာဆက်သင်ဖို့ အခက်အခဲရှိရင်လည်း Agro – based Industry ကို အထောက်အကူပြုနိုင်မယ့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးစတဲ့ အသက်မွေးဝမ်းကျောင်းဘာသာရပ်တွေကို သင်ကြားတဲ့အထက်တန်းကျောင်းတွေဖွင့်လှစ်ထားတာမို့ အထက်တန်းအဆင့်မှာ အသက်မွေးဝမ်းကျောင်းပညာကို သင်ယူနိုင်ကြမှာဖြစ်ပါတယ်"**ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

အတန်းပညာမှတစ်ဆင့် အတတ်ပညာ၊ အသိပညာများကို ပိုမိုပြည့်စုံအောင် ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ ဆောင်ရွက်ရာတွင် အတတ်ပညာ၊ အသိပညာတို့ကြွယ်ဝပြည့်စုံသည့် နိုင်ငံသူ၊ နိုင်ငံသားများကသာလျှင် စွမ်းဆောင်နိုင်ကြမည်ဖြစ်ရာ နိုင်ငံ၏လူသားအရင်းအမြစ်မှာ တန်ဖိုးမြင့်မားဖို့လိုသည်။ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းအသုံးပြုမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍတိုးတက်မြင့်မားစေရေးအတွက် အလေးထားဆောင်ရွက်နေချိန်တွင် မိဘပြည်သူများအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့လာရောက်အပ်နှံကြရန်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## VDP စီမံချက်ရေးဆွဲခြင်းနှင့် AVIP သင်တန်းဖွင့်လှစ်ပို့ချ

ဇလွန် မေ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာနှစ်ရွာမှ ကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)စီမံချက်ရေးဆွဲခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းကို မေလ ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးအပ်သည်။

ဆက်လက်၍ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေမျိုးဟန်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးရေးရန် ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP)နှင့် ပတ်သက်သည့်သင်ခန်းစာများ၊ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်၊ ကျေးရွာခေါင်းဆောင်မှုသင်ခန်းစာများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက စာရင်းဇယားဖြည့်သွင်းနည်းများကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ ငါးရက်ကြာ သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။ **အညာသူ**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁-၅၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အိမ်မဲမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့် စပါးဧက ၇၆၀၀၀ ကျော်ရိတ်သိမ်းပြီးစီး



အိမ်မဲ မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့် စပါးဧက ၇၆၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၇၆၇၆၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နွေစပါးများကို ယခုနှစ်မတ်လက စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သော နွေစပါးတစ်ဧကလျှင် ၁၁၄ ဒသမ ၇၂ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

''အိမ်မဲမြို့နယ်မှာ ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၇၆၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်ထိ နွေစပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးကို အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့လို့ အခုလို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်တာပါ။ ဒ့ါပြင် စိုက်ပျိုးထားတဲ့ နွေစပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောသည်။

အိမ်မဲမြို့နယ်၌ နွေစပါးများအတွက်နှုန်းကောင်းမွန်စေရန်၊ အပျက်အစီးအလေအလွင့်မရှိစေရန်၊ တစ်ကေချင်း စပါးအထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စနစ်တကျပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဓိကစားကုန်ဖြစ်သည့်စပါးကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်းတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

# မြင်းခြံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး လက်တွေ့သရုပ်ပြ

မြင်းခြံ မေ ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာ ဗဟုသုတများရရှိစေရန်ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး လက်တွေ့သရုပ်ပြပွဲကို မေလ ၂၁ ရက်တွင် အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်တွေ့သရုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ မြင်းခြံမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးဘေးအန္တရာယ် အသိပညာပေးခြင်း၊ မီးလောင်မှုဖြစ်ပွားနိုင်သည့် အကြောင်းရင်းများ၊ မီးလောင်မှုဖြစ်ပွားပါက အချိန်မီ သတင်းပေးပို့နိုင်မည့် 191 Report Application အသုံးပြုပုံအကြောင်းနှင့် မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းအသုံးပြုကြစေရေး ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက မီးငြိမ်းသတ်ပုံများ၊ မီးသတ်ဆေးဘူးသုံးစွဲနည်းများကို လက်တွေ့သရုပ်ပြပြီး ခရိုင်/မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

# မြိတ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့သီတင်းပတ် အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူ

မြိတ် မေ ၂၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြရန်နှင့် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မိဘပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် မေလ ၂၁ ရက်တွင် မြိတ်မြို့နယ်ရှိ ကျောင်းများ၌ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို စိုက်ထူကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်မြေစိုက်ပိုစတာကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်၊ ခရိုင်ပညာရေးမှူး ဦးသန်းထိုက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတို့၌ စိုက်ထူခဲ့ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်ကာလသည် မေလ ၂၅ ရက်မှ ၃၁ ရက်အထိဖြစ်ပြီး ကျောင်းအသီးသီး၌လည်း မိဘပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ကျောင်းအပ်နှံရေးသီတင်းပတ်မတိုင်မီ ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ သိရှိလိုက်နာရမည့်အချက်များ၊ မိဘအုပ်ထိန်းသူများသို့ မေတ္တာရပ်ခံချက်များ၊ ကျောင်းအပ်နှံရေး သီတင်းပတ်နှိုးဆော်စာများနှင့် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များကို ဆက်လက်စိုက်ထူကြမည်ဖြစ်ကာ ဇွန်လ ၁ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းများ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

မြိတ်မြို့နယ်အနေဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအသီးသီး၌ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ မြိတ်မြို့နယ်အတွင်း အထက်တန်းကျောင်း ၁၈ ကျောင်း၊ အထက်တန်းကျောင်းခွဲရှစ်ကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်း၊ အလယ်တန်းကျောင်းခွဲကိုးကျောင်း၊ မူလတန်းလွန်ကျောင်း ၂၄ ကျောင်း၊ မူလတန်းကျောင်း ၇၂ ကျောင်း၊ ကိုယ်ပိုင်ကျောင်းငါးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှစ်ကျောင်းရှိကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# ငဖဲမြို့နယ်၌ တောင်သူများအား သွင်းအားစုမျိုးစေ့နှင့် ကော်ဖီပျိုးပင်များပေးအပ်



ငဖဲ မေ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား သွင်းအားစုမျိုးစေ့နှင့် ကော်ဖီပျိုးပင်များ ပေးအပ်ပွဲကို မေလ ၂၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းက မျိုးကောင်းမျိုးစေ့မှန်စိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင် ကြိုးပမ်းစိုက်ပျိုးကြရန် အဖွင့်အမှာစကားပြောကြားပြီး ငဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလှိုင်က ရက် ၁၀၀ စီမံချက်ဖြင့် စိုက်ပျိုးမည့်စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းမွန်ရေး စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းကောင်းများနှင့်အညီ စိုက်ပျိုးကြရန်နှင့် ပေးအပ်သောမျိုးကောင်းမျိုးစေ့များကို အကျိုးရှိအောင် စနစ်တကျစိုက်ပျိုးကြရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက စိုက်ပျိုးရေးသွင်းအားစုမျိုးစေ့များနှင့် ကော်ဖီပျိုးပင်များ ပေးအပ်ရခြင်းအကြောင်းနှင့် ဓာတ်မြေဩဇာ လျှော့ချသုံးစွဲရေးနည်းလမ်းကောင်းများကို တောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာအုပ်စု ၁၁ အုပ်စု၌ ဝါ၊ စပါး၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းစိုက်ပျိုးမည့်တောင်သူများနှင့် ကျေးရွာအုပ်စုသုံးအုပ်စု၌ အာရေဗီးကားကော်ဖီနှင့် ရိုဘတ်စတာကော်ဖီ စိုက်ပျိုးမည့်တောင်သူများအား သွင်းအားစုမျိုးစေ့နှင့် ကော်ဖီပျိုးပင်များ ပေးအပ်ကြောင်း သိရသည်။

မယု(ငဖဲ)

မြဝတီ ကာတွန်း



# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

ထုံးနန္ဒင်းလူးထားသော ခွေးမကလေးမိနီကို မြင်လိုက်ရခြင်းသည် ကျွန်ုပ်၏ဘဝကို လမ်းစဉ်ပြောင်းစေမည့် အဖြစ်အပျက်ကြီးတစ်ရပ်ဖြစ်နေ၏။ အကြောင်းကား မောင်ညိမ်းအောင်သည် အိမ်၌မွေးထားသော ခွေးမကလေးကို ဈေးတန်းတွင် ဈေးခွေးများနှင့်အတူ တွေ့ရပါမည်လားဟု အိမ်သို့ ဆွဲခေါ်ခဲ့၏။ ခွေးကိုရိုက်နှက်သောအခါ ဦးဒေါနကပင် မရိုက်ရန်တား၍ ထုံးနန္ဒင်းလိမ်းပေးရန် ပြောသေး၏။ အိမ်၌ပြန်၍ လက်ခံထားပြီးလျှင် အရိုက်ခံရသောအရှိုးများကို ထုံးနန္ဒင်းလိမ်း၍ ယုယနိုင်ကြ၏။ လူသားစင်စစ် သွေးရင်းသားရင်းလည်းဖြစ်သော ကျွန်ုပ်၏မိခင်ကိုမူကား အိမ်ကခွေးလောက်မှ ဂရုမစိုက်ဘဲ သေရွာတံခါးဝသို့ ဆိုက်နေစဉ်၌ပင် လုံးဝပစ်စလက်ခတ်လျစ်လျူရှု၍ ထားရက်နိုင်ခြင်းမှာကား မတရား...မတရား...အို...လုံးဝမတရား...။

ဘက်ထရီအိုးမှ ဓာတ်အားအဖွင့်လိုက်တွင် ဓာတ်ဆီအမှုန်များကို ကာဘရိုက်တာမှ အလွှတ်နှင့်ဆုံသောအခါ မီးထ၍ပွင့်သလို ခွေးလောက်မှ သွေးရင်းသားရင်းကို မညှာတာတတ်ကြသည့် သဘောယုတ်မာတို့ကို တွေးလိုက်မိသည်နှင့်တစ်ပြိုင်နက် ထိုတွေးလုံးနှင့် ကျွန်ုပ်၏ရင်ဝယ် ခိုအောင်းနေသော ငုပ်စိတ်ကလေးတို့ အတွေ့လိုက်တွင် ကျွန်ုပ်၏ဦးနှောက်အတွင်း၌ လျှပ်စီးလက်သလိုဖြစ်သွား၏။ ထိုခဏ၌ပင် ရည်ရွယ်ချက်တို့သည် ဖောက်ထိုးမိုးမျှော်ဖြစ်သွားကြရ၏။ ပညာသင်မည်။ အဘိုးထံမှ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ခံစားနိုင်အောင် ကြိုးစားမည်။ လက်စားချေမည်ဟူသော ရည်ရွယ်ချက်သုံးချက်သည် သွေးအေးခါမှ ပို၍နာကျင်လာသည့်နည်းအတိုင်း စိတ်၏အတွင်းကြေဒဏ်ရာမှာကား မိခင်ကြီးအသေဆိုးရစဉ်က ဤမျှမနာကြည်းခဲ့။ ယခုကဲ့သို့ အနာဟောင်းကို ခေါ်ဦးနှင့်ဆွလိုက်သလို



တို့အနက် မထင်ရေးရေး ခပ်မှေးမှေးမျှသာရှိသော လက်စားချေလိုစိတ်ရည်ရွယ်ချက်စိတ္တဇသည် ပညာသင်လိုသောအဓိကရည်ရွယ်ချက်၏နေရာသို့ ခုန်၍တက်လျက် ကျွန်ုပ်အဖို့၌ အရေးအကြီးဆုံးရည်ရွယ်ချက်ကြီး ဖြစ်ခဲ့ရပေတော့သည်။

ဒဏ်ရာတို့မည်သည်မှာ ရုတ်တရက်ထိခိုက်စတွင် မနာလှ။ သွေးပူဆဲဖြစ်၍ အခံရမဆိုး။ သို့သော် သွေးအေးလာသောအခါ၌ကား အစွမ်းကုန်စူးရှနာကျင်တတ်၏။ မောင်ညိမ်းအောင် ကျွန်ုပ်၏ပါးချိတ်ကိုထိုးလိုက်သော လက်သီးဒဏ်ချက်မှာ အထိုးခံရခါစ၌ သွေးပူနေသဖြင့် မနာကျင်လှသေး။ အိမ်ကြီး၏ဝင်းဝမှ ထွက်ခဲ့၍ သဘော်ဆိပ်သို့ ဆင်းခဲ့သောအခါတွင်မူ သွေးအေး၍လာပြီဖြစ်သောကြောင့် လက်သီးဒဏ်ချက်ကို ပြည့်ပြည့်ဝဝခံစားရကာ အလွန်တရာနာကျင်၍လာပေတော့သည်။ သွားတစ်ချောင်းပင်လျှင် နဲ့၍သွား၏။ သို့သော် အထက်ပါလက်သီးဒဏ်ချက်ခွေးဝဲစားကို နှင်ထုတ်သည့်ပမာ စော်ကားမော်ကားပြော၏။ ထိုးကြိတ်ခြင်းခံ၍နေရစဉ်၌လည်း အရှက်သွေးဖြင့် ပူထူနေဆဲဖြစ်၍ မနာကြည်းလှသေး။ သွေးအေးအေးဖြင့် တစိမ့်စိမ့်တွေး၍ ဆွေးချင်တိုင်းဆွေးမိသောအခါတွင်မူကား နာကြည်းခြင်းမက နာကြည်း၍လာလေတော့သည်။

မောင်ညိမ်းအောင်နှင့် ဦးဒေါနတို့လူသိုက် အဘယ်ကြောင့် ကျွန်ုပ်အား ရက်စက်နိုင်ကြပါဘိသနည်းဟုလည်း အထပ်ထပ်တွေး၏။ သူတို့တစ်တွေမှာ ကျွန်ုပ်၏သွေးရင်းသားရင်းတွေ ဖြစ်ကြပါပေသည်။ သို့စဉ်လျက် သူတို့သည် ကျွန်ုပ်အား အိမ်၌မွေးသည့်ခွေးလောက်မှ မညှာတာကြသည်မှာ ရာဇဝင်ရိုင်းလေစွ။ သူတို့၏ အညှာအတာကင်းမဲ့သောစိတ်၏ အခြေခံအကြောင်းရင်းကို စေ့စေ့တွေး၍ကြည့်၏။ (ဖက်ခွက်စားရဲ့သားကကွာ) (ငမွဲငတေက လမ်းစရိတ်မတောင်းပါဘူးတဲ့ ဟား... ဟား...) (ဟန်ကျလှသကွာ...ဆိုဖာပေါ်များကိုတောင် တက်ပြီးထိုင်လို့) (ရာရာစစ) (ပိုက်ဆံကိုတော့ မရဘူးဟေ့ ဟောဒါကိုပဲရမယ်) ဟူသော ရင့်သီးလှသည့်စကားလုံးများသည် တစ်လုံးပြီးတစ်လုံး ဓာတ်ပြားကို ဖွင့်ရသလို ပီပီသသကြီး ပြန်၍ကြားယောင်နေ၏။ ထိုစကားများအရ မောင်ညိမ်းအောင်တို့တစ်သိုက်ကား အဘိုးဦးနကီ၏ပစ္စည်းများကို ဦးနကီ အနိစ္စရောက်လျှင် လက်ဝါးကြီးအုပ်ချုပ်ပြီး ခံယူလိုက်ရန် လောဘဇောသန်၍နေကြောင်း ထင်ရှား၏။ ပစ္စည်းဥစ္စာ၏မာန်မာနတံခွန်ကိုလည်း မိုးစွန်တမွတ်သို့ထိအောင် အထောင်ကြီးထောင်၍ ကမ်းမမြင် လမ်းမမြင်သွေးနားထင်ရောက်၍နေကြကြောင်းမှာလည်း ပေါ်လွင်နေ၏။

သို့တွေးရင်း ကျွန်ုပ်သည် "ဟက်" ခနဲရယ်လိုက်မိ၏။ နှုတ်ဖျားက ထိုရယ်သံမှာ မီးတောင်ဝ အလင်းရောင်ထသည်နှင့် တူလှ၏။ အဘယ်ကြောင့်ဆိုသော် မီးတောင်ဝက အလင်းရောင်လှသော်လည်း မီးတောင်တွင်း၌ ကမ္ဘာဖျက်မီးတမျှ ပူပြင်းရာမှ ထွက်လာသည့်အလင်းရောင်ဖြစ်သည့်နည်းတူ ကျွန်ုပ်၏နှုတ်ဖျားသို့ ဗလုံထိုးကာ တက်ကြွလာသောထိုရယ်သံမှာ ကျွန်ုပ်၏ရင်တွင်း၌ နေဆယ်စင်းပမာ ပူပြင်းနေသော ဒေါသစိတ်မှ ပွင့်အန်ကာ တက်လာသော ရယ်သံပင်ဖြစ်နေ၏။ ကျွန်ုပ်၏ရင်တွင်း၌ တွေးလေတွေးလေ ဆွေးမပြေဘဲ နာကြည်းကြေကွဲ အသည်းနှလုံးတို့ အခိုးအလျှံထနေသမျှတို့မှာ သွေးအေး၍လာသောအခါတွင် အဆွေ အလုံးအခိုးအလျှံတို့သည် ရေခိုးမှ ရေခဲဖြစ်သကဲ့သို့ သဏ္ဌာန်ပြောင်းခဲ့ကြပြီးလျှင် မည်သို့မျှမကျေနိုင်သော အမြုတေခဲကဲ့သို့ လုံးကျစ်တင်းမာ အစိုင်အခဲအဖြစ်ဖြင့် တည်လာ၏။ ထိုအမြုတေခဲမှာကား "အေး မိုးကောင်းလိုက်ကြဦးပေါ့ကွာ။ သွေးရင်းသားရင်း ငါ့အမေကို ခွေးသေသလို အသေဆိုးသေရအောင်လုပ်ခဲ့တဲ့ မင်းတို့တစ်သိုက်လုံး ငါ့အမေကို ခွေးနဲ့နှိုင်းပြီး အိမ်ကခွေးလောက်မှ ဂရုမစိုက် ရက်စက်ခဲ့ကြတဲ့မင်းတို့တစ်မြုလုံး ငါ့ကို အရှက်တကွဲ အကျိုးကြီးနည်းအောင် ကိုယ်ထိလက်ရောက် စော်ကားလိုက်ကြတဲ့ မင်းတို့တစ်အုံလုံး တကယ့်ကို ပြုတ်ပြုတ်ပြုန်းစေမဟေ့၊ မင်းတို့အားလုံး လက်စတုံးလုပ်ရမှ ငါကျေမယ်။ အဲ...နေနှင့်ကြဦးပေါ့ကွာ။ မင်းတို့ဂုဏ်ခံပြီး မာနတက်သမျှပစ္စည်းတွေကို မင်းတို့အကုန်သေအောင် ငါသတ်ပြီးမှ ငါတစ်ယောက်တည်း ခံစားခဲ့မဟေ့...။ အေး... အလှည့်ကျတော့ မနွဲ့ရဘူးမောင်တို့ရေ...။ ရေစီးတစ်ခါ ရေသာတစ်လှည့်တဲ့ကွ။ နေသေးသပချုံထဲက ချုံသွေးပပတမြမြ။ အလှည့်ကျတော့မှ ငါ့ထက် မင်းတို့တစ်တွေ အဖြစ်ဆိုးစေမယ်။ သတိသာထားကြပေရော့။ မီးလောင်တိုက်သွင်းတာထက် ဆိုးစေ့မကွနော်" ဟု အတေးကြီးတေး၍ သူတို့တစ်သိုက်လုံးကို စတေးရန်ဆုံးဖြတ်ချက်တည်းဟူသော အမြုတေခဲကြီး ဖြစ်လေတော့သည်။

■ ■ ■ ■ ■

**အချစ်ဦးအစ**

လောဘ၊ ဒေါသ၊ မောဟနှင့် မာနတရားတို့ကို အခြေပြုလျက် ဖြစ်ပျက်ခဲ့ရသော ထိုကိစ္စကိုချည်း ရှေ့၌ရေးသားခဲ့သည်ဖြစ်သောကြောင့် ကျွန်ုပ်၏ဖြစ်စဉ်ကို ဖတ်ရသူတို့မှာ ဆင်းရဲမွဲတေခြင်း၊ အစော်ကားခံရခြင်း၊ မတရားမှုများကို မလှန်သာဘဲ ခံရခြင်း အစရှိသည့်အကြောင်းအရာများကိုချည်း စဉ်လိုက်ဖတ်ရှုခြင်းအားဖြင့် စိတ်ငြီးငွေ့လောက်ကြပေရော့မည်။ ထို့ကြောင့် လောကဓာတ်ခုံပေါ်၌ ဖြစ်ပုံပျက်ပုံ ကင်ပွန်းချုံတစ်ခုအကြောင်းကို ရေးသားရာတွင် ဓာတ်လမ်းတစ်ခု၌ မင်းသမီး၊ မင်းသားနှစ်ပါးသွားခန်းမပါလျှင် မပြီးသလို ကျွန်ုပ်၏ဘဝဖြစ်စဉ်တွင်သာမက လူတိုင်းလူတိုင်း၏ ဘဝဖြစ်စဉ်တွင် မပါလျှင် မပြီးသလောက်ရှိသော နှစ်ပါးသွားခန်းကိုလည်း စိတ်အညောင်းပြေဖွယ်ရာ ရေးသားရပေဦးတော့မည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကသင်တန်းနှင့် ဂဟေဆက်သင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကသင်တန်းနှင့် ဂဟေဆက်သင်တန်းကို မေလ ၂၀ ရက်က ထန်းတပင်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီတို့က အဖွင့်အမှာစကားများပြောကြားကြပြီး သင်တန်းအတွက် အလှူရှင်များ၏လှူဒါန်းမှုများကို ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မော်ဘီမြို့နယ် ကရင်ဒုံးအဖွဲ့မှ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး မော်ဘီမြို့နယ် ကရင်ဒုံးအဖွဲ့ကို တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ကရင်တိုင်းရင်းသားတို့၏ အဖိုးတန်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းပေးနိုင်ရန်နှင့် တိုင်းရင်းသားလူငယ်များ အသက်မွေးဝမ်းကျောင်းပညာသင်တန်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကာ သင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်သည်။

ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးနှင့် ဂဟေဆက်သင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်လျက်ရှိပြီး ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကသင်တန်းကို တစ်လကြာနှင့် ဂဟေဆက်သင်တန်းကို နှစ်ပတ်ကြာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မအူပင် မေ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မေလ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းကျေးရွာအုပ်စု ရေကျော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့်ဆောင်ရွက်သော ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၁၅ သိန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃ သိန်းဖြင့် လမ်းအရှည်ပေ ၄၃၀၊ အကျယ် ၈ ပေ၊ ထု ၆ လက်မ၊ လေးအိမ်စုကျေးရွာအုပ်စု ကညင်သုံးပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့်ဆောင်ရွက်သော ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃ သန်းဖြင့် လမ်းအရှည်ပေ ၄၃၀၊ အကျယ် ၈ ပေ၊ ထု ၆ လက်မ ဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူးက ကွင်းဆင်းစစ်ဆေးသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးက VDP စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုအဆင့်အတန်း အဆင်ပြေလာပြီးလမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းဖြစ်သဖြင့် အကျိုးရှိစွာအသုံးပြုရန် ပြောကြားပြီး ဒေသခံများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရေကျော်ကျေးရွာရှိ အိမ်ထောင်စု ၃၀၄ စု၊ ကညင်သုံးပင်ကျေးရွာရှိ အိမ်ထောင်စု ၁၈၉ စုတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

➲ ရှေ့ဖုံးမှအဆက်

အဖွဲ့ဝင်များ၊ လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယကက အဖွင့်အမှာစကားပြောကြားရာတွင် လာမည့် ဇွန်လ ၂ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အတွင်း ဒုတိယပုံမှန်အစည်းအဝေး၊ တတိယပုံမှန်အစည်းအဝေးကို ကျင်းပရန် ပြည်ထောင်စုလွှတ်တော်ရုံးက လွှတ်တော်ပြက္ခဒိန်လျာထားထုတ်ပြန်ထားပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများကို ကြိုတင်သိရှိနိုင်အောင် ပေးပို့ထားရှိပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးကျင်းပနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထံ အစည်းအဝေးဖိတ်စာများ ပေးပို့ထားရှိပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေလ ၃၀ ရက်ထက်မစောဘဲ၊ ၃၁ ရက်ထက်နောက်မကျစေဘဲ နေပြည်တော်သို့ လာရောက်ရန်ခေါ်ယူထားပြီးဖြစ်ပါကြောင်း။

တည်းခိုရေးနှင့် နေရာချထားရေးကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိချိန်တွင် လုံခြုံစိတ်ချစွာ တည်းခိုနေထိုင်နိုင်ရန် အဆောက်အအုံများ ကောင်းမွန်ရေး၊ သောက်သုံးရေနှင့် အသုံးအဆောင်ပစ္စည်းများ အဆင်ပြေစွာအသုံးပြုနိုင်ရေးကို သက်ဆိုင်ရာ ရုံး၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးကော်မတီအနေဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလများတွင် လွှတ်တော်ဝင်းအတွင်း/အပြင်နှင့်လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့်နေရာများ၊ ယာဉ်တန်းအပါအဝင်သတ်မှတ်နေရာအလိုက် လုံခြုံရေးစနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာလုပ်ငန်းကော်မတီအနေဖြင့် လွှတ်တော်အသီးသီးရှိ Audio၊ ဗီဒီယိုဆက်သွယ်မှုစနစ်များ အပါအဝင် ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းတည်းခိုနေထိုင်သည့်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ သောက်သုံးရေ၊ စားသောက်မှုများကို ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။



လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် အခန်းတစ်ခန်းစီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ သယ်ယူပို့ဆောင်ရေးကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေးတက်ရောက်ရန် သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှ နေပြည်တော်သို့ အသွားအပြန်ခရီးစဉ်များနှင့် နေပြည်တော်၌ စုပေါင်းတည်းခိုနေထိုင်သည့်နေရာများမှ လွှတ်တော်များသို့ သွားလာရေးကိစ္စများ အဆင်ပြေစေရန် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အခမ်းအနားပြင်ဆင်ရေးကော်မတီအနေဖြင့် လွှတ်တော်ဝင်းအတွင်းရှိ မြို့ပြရေ၊ သန့်၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးလိုင်းများ၊ ရုပ်သံ၊ ရေဒီယို၊ တီဗွီဆိုင်ရာလုပ်ငန်းများ ကောင်းမွန်စေရေး၊ လွှတ်တော်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပါအဝင် လွှတ်တော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် လွှတ်တော်အဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးကော်မတီအနေဖြင့် လွှတ်တော်အစည်းအဝေးကျင်းပမှု ရုပ်သံ၊ သတင်းမှတ်တမ်းများ ရိုက်ကူးထုတ်လွှင့်မှုနှင့် ရုပ်သံစက်ပစ္စည်းများ ကောင်းမွန်ရန်၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ သတင်းရယူရေးကိစ္စများကို စနစ်တကျနှင့် အဆင်ပြေစေရန် မီဒီယာကတ်ထုတ်ပေးခြင်းနှင့် ရုပ်သံဆိုင်ရာ စက်ကိရိယာပစ္စည်းများပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်အတွင်း သတင်းရယူရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့် စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးတာဝန်ယူပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထို့အတူ လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ် လွှတ်တော်ပရိဝုဏ်အတွင်း လွှတ်တော်အစည်းအဝေးခန်းမကြီးများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန်၊ ဆက်သွယ်ရေးနှင့် ဆန္ဒမဲပေးစက်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး စနစ်တကျ ဆောင်ရွက်သွားကြစေလိုကြောင်း၊ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် တက်ရောက်လာကြသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တတိယအကြိမ် ပထမပုံမှန်အစည်းအဝေးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်းသည် ကော်မတီဝင်များအားလုံး၏ စုပေါင်းညီညွတ်မှု မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်မှုများကြောင့်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာရေးနှင့်ပတ်သက်၍လည်း စောင့်ရှောက်မှုများ အချိန်မီဂရုတစိုက်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုကျင်းပမည့် ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးများတွင် ဥပဒေကြမ်းများ၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဆွေးနွေးခြင်းဖြင့် လွှတ်တော်ကဏ္ဍကို အစစ်အမှန်စတင်အသက်သွင်းမည်ဖြစ်သည့်အတွက် အသံစနစ်များ ပိုမိုကောင်းမွန်စေရန်လိုအပ်ပါကြောင်း၊ အစိုးရသစ် ရက် ၁၀၀ စီမံကိန်းကာလနှင့် တိုက်ဆိုင်နေသည့်အတွက် အစိုးရနှင့် လွှတ်တော်ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များရောက်ရှိချိန်တွင် တည်းခိုနေထိုင်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုအပ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် အစည်းအဝေးများ၏ အားသာချက်များကို ထိန်းသိမ်းပြီး ကော်မတီဝင်များအနေဖြင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူးက ပထမပုံမှန်အစည်းအဝေးတွင် လုပ်ငန်းကော်မတီများ၏ ပေါင်းစပ်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဒုတိယပုံမှန်အစည်းအဝေးများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့်လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီနာယက က ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီနာယကနှင့်အဖွဲ့သည် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)သို့သွားရောက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် အခန်းတစ်ခန်းစီစဉ်ဆောင်ရွက်ထားရှိမှု၊ အစားအသောက်များ ချက်ပြုတ်စားသောက်နိုင်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု၊ နေ့စဉ်သတင်းများနှင့် ဗဟုသုတများသိရှိနိုင်ရန်အတွက် ရုပ်မြင်သံကြားနှင့် စာဖတ်ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဦးဆောင်၍ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပဉ္စမအကြိမ် မူဝါဒရေးရာညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၁

ပဉ္စမအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းအစည်းအဝေးကို မေလ ၁၈ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီယို အမ် ဟာရီရာ လင်းမ်တို့ ဦးဆောင်၍ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပိုမိုခိုင်မာလာစေရေး၊ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဆွေးနွေးဖလှယ်ကြသည်။



မြန်မာအစိုးရသစ်၏ ဦးစားပေးလုပ်ငန်းစဉ်များအပါအဝင် မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိရေးအတွက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုဆွေးနွေးခဲ့ကြသည်။ ထို့ပြင် လက်ရှိဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်းပဋိပက္ခနှင့် ဒေသတွင်းသက်ရောက်မှုများကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပြင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် အခြားကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဆွေးနွေးဖလှယ်ခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီယို အမ် ဟာရီရာ လင်းမ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ မြန်မာသံရုံး၌ သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# “ရဲရင့်သူတို့၏ ဂုဏ်ယူဖွယ်ရာအိမ်အပြန်ခရီး”

ပြည်စိုးညိမ်း

**“ငါ့သားများ စစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကိုသင်ကြားပေးတဲ့ကျောင်းကြီးပေါ့”**

စစ်သည်တော်ဟောင်းတစ်ဦး၏ မရိုးနိုင်သော စကားတစ်ခွန်းဖြစ်သည်။ ထိုစကားတစ်ခွန်းတွင် တပ်မတော်သားတစ်ဦးဖြစ်ရခြင်း၏ အနှစ်သာရနှင့် အဓိပ္ပာယ်များ ပေါင်းစပ်ပါဝင်နေသည်။ ယခုဆိုလျှင်ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်စေနိုင်သော ထိုကျောင်းကြီးများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂) အထိ သင်တန်းဆင်းခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

အမိနိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ကို နားလည်ခံယူထားကြသူများဖြစ်သည်နှင့်အညီ ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်ကြခြင်းကြောင့် ထိုသားကောင်းစစ်သည် ပြည်သူ့စစ်မှုထမ်းများထဲမှပင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ သူရဲကောင်းလက်မှတ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် အကြီးအကဲများ၏ ချီးကျူးဂုဏ်ပြုလက်မှတ်များရရှိခဲ့သူ ၁၁၅ ဦးအထိရှိပြီဟုလည်း ဂုဏ်ယူဖွယ် သိရှိရပါသည်။

လူငယ်ဆိုသည်မှာနိုးကြား၏။ တက်ကြွ၏။ ဖျတ်ဖျတ်လတ်လတ်ရှိ၏။ ရိုးသား၏။ ဖြူစင်၏။ ပရိယာယ်ဝေဝုစ်ကင်း၏။ အရာရာ၌ စိတ်နှင့်ကိုယ်သည် တစ်ထပ်တည်းမျှထင်ရလောက်အောင် လှုပ်ရှားရှင်သန်နေကြသူများဖြစ်၏။ နိုင်ငံရေးအရမင်းသားကြီးမလုပ်ရ၍ ပတ်မကြီးထိုးဖောက်လိုသော သန္ဓေမမှန်သည့် နိုင်ငံရေးသမားတချို့က လူငယ်တို့၏ ရိုးသားဖြူစင်မှုနှင့် နိုးကြားတက်ကြွမှုကို တလွဲဆံပင်ကောင်းအသုံးချ၍ လမ်းမှားသို့ရောက်စေခဲ့ကြသည်။ သို့ဖြင့် တိုင်းပြည်၏ အဖူးအညွန့်များဖြစ်ကြသော လူငယ်များစွာမှာ တိုင်းရင်းသားလက်နက်ကိုင်များထိန်းချုပ်ထားသော နယ်မြေများ၌ ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာလုပ်ဘဝဖြင့် ထမင်းစားကျွန်ခံဇာတ်သိမ်းနေကြရသည်။ အချို့သောတိုင်းရင်းသားလက်နက်ကိုင်များနှင့် အကြမ်းဖက်သောင်းကျန်းသူများအတွက် အကြမ်းဖက်စစ်ပွဲများတွင် ရှေ့ဆုံးမှအဓိပ္ပာယ်မဲ့အသက်စွန့်တိုက်ခိုက်ပေးနေရသည်။ အကြမ်းဖက်သောင်းကျန်းသူများ၏ နောက်မြီးဆွဲ PDF များအဖြစ် ကျင်လည်နေကြရသည်။ သူတို့လက်ချက်ဖြင့် မြို့ရွာများပျက်စီးခြင်း၊ ဒေသခံပြည်သူများ အတိဒုက္ခရောက်ရခြင်းများကို အောင်မြင်မှုအသီးအပွင့်အဖြစ် လွဲမှားစွာကြွေးကြော်နေကြရသည်။

စေ့စေ့တွေးကြည့်လျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ သွေးဆောင်မှုဖြင့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်နေကြသော PDF များနှင့် လမ်းမှားရောက်နေသော လူငယ်များ၏အဖြစ်မှာ သားတစ်သာမြင်၍ ကျော့ကွင်းမမြင်ကြသူများနှင့် ပုံပမာတူသည်။ စင်စစ် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်နေသော အကြမ်းဖက်သောင်းကျန်းသူများမှာ နောက်မြီးဆွဲ PDF များကို ခုတုံးလုပ်၍ “မျောက်မြီးနှင့်မျောက်ချည်”နေကြခြင်းသာဖြစ်သည်။




နိုင်ငံတော်နှင့်ပြည်သူ့အတွက် ဆိုသောစကားလုံးများကို တွင်တွင်ဟစ်နေကြသော်လည်း လက်တွေ့တွင်မူ နိုင်ငံတော်နှင့်ပြည်သူ့အကျိုး ပျက်စီးရာပျက်စီးကြောင်းများကိုသာ ထပ်ပြန်တလဲလဲကျူးလွန်နေကြသူများဖြစ်သည်။ ၎င်းတို့လွှမ်းမိုးခြယ်လှယ်ထားသော အရပ်ဒေသမှတိုင်းရင်းသားများ၏ ဘဝမှာတောင်ယာရှင် မျောက်မောင်းခံရသည့်နှယ်ဖြစ်နေကြရရှာသည်။ သူခိုးက လူပြန်ဟစ်ခြင်းကို ခံနေကြရရှာသည်။ မသိနိုးနား နိုင်ငံရေးအပါးမဝသောလူငယ်များအပေါ် အမြတ်ထုတ်နေသည်မှာ ရင်နာဖွယ်ကောင်းလှသည်။ တစ်တောတစ်ကြက်ဖတွန်၍ သေနတ်ပြောင်းဝ၌ အာဏာတည်သော သူတို့လောကတွင် “အကန်းထဲမှာမျက်ကန်းကလူမော်”လုပ်နေကြသည်ကို ရှင်းရှင်းပြတ်ပြတ်သိမြင်ကြဖို့လိုပါသည်။

တစ်ဖက်တွင်မူ နိုင်ငံ့သားကောင်းရတနာလေးများသည် တပ်မတော်၏ စနစ်တကျဖွဲ့စည်းထားသောလေ့ကျင့်ရေးကျောင်းအသီးသီး၌ စစ်ပညာရပ်များကို အပတ်တကုတ်ကြိုးစားသင်ယူကြလျက်ရှိသည်။ စစ်နည်းဗျူဟာဘာသာရပ်များ၊ လက်နက်နည်းပညာဆိုင်ရာဘာသာရပ်များ၊ ကြံ့ခိုင်မှုဆိုင်ရာဘာသာရပ်များ၊ ခေါင်းဆောင်မှုဆိုင်ရာဘာသာရပ်များ၊ စစ်စည်းကမ်းနှင့် ဥပဒေဆိုင်ရာဘာသာရပ်များ၊ အထွေထွေဗဟုသုတဆိုင်ရာဘာသာရပ်များ အစရှိသည့် ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်စေနိုင်သော သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားလေ့ကျင့်လျက်ရှိသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ၎င်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် အလေးအနက်ထားသင်ကြားနေကြခြင်းဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် အပင်ပန်းအဆင်းရဲခံ၍ ဖွဲ့နပဲဖြင့် သင်ကြားနေကြခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းလူငယ်များ၏ရည်ရွယ်ချက်မှာ PDF အကြမ်းဖက်သမားများနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဟု ဆိုရလိမ့်မည်။ လူချင်းတူသော်လည်း အသက်ရှူပုံချင်းကွဲသည်ဟုဆိုရလိမ့်မည်။ ငယ်စဉ်က သင်ကြားခဲ့ရသည့် ကျေးညီနောင်ပုံပြင်ကိုပင် ပြန်၍အမှတ်ရဖွယ်ဖြစ်သည်။

**❖ စစ်မှုထမ်းကာလပြည့်မြောက်၍ တာဝန်ကျေပွန်ခဲ့သည့်ပြည်သူ့စစ်မှုထမ်းများကို သက်ဆိုင်ရာသင်တန်းများပေး၍ အစိုးရအမှုထမ်း၊ ပြည်ပအလုပ်အကိုင်များ၊ ကုမ္ပဏီအလုပ်အကိုင်များ၊ ပုဂ္ဂလိကအလုပ်အကိုင်များ၊ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေး သက်ဆိုင်ရာဌာနအသီးသီးနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တက်ညီလက်ညီစီမံဆောင်ရွက်ပေးလျက်ရှိသည်မှာ များစွာအားတက်ဖွယ်ဖြစ် . . .**

**❖ နိုင်ငံတော်ကလိုအပ်သည့်အချိန်တွင် မိမိအသက်နှင့်ခန္ဓာကို ပဓာနမထားဘဲ တစ်သားတည်းပါဝင်ပေါင်းစပ်ခဲ့သူတို့အတွက် နိုင်ငံတော်နှင့်တပ်မတော်မှလည်း တန်ဖိုးထားလေးစားဂုဏ်ယူလျက်ရှိကြောင်း ဖော်ညွှန်းပြဆိုနေသည့် ပြယုဂ်များပင်ဖြစ်၊ မေတ္တာနှင့်ယှဉ်သော အပြန်အလှန်ကျေးဇူးတုံ့တင်သည့် မင်္ဂလာရှိသောမြင်ကွင်းများပင်ဖြစ် . . .**

သူတော်ကောင်းတို့၏အေးရိပ်၌ ခိုလှုံခွင့်ရသောကျေးသားနှင့် ခိုးသားဓားပြတို့လက်တွင် ကြီးပြင်းရသောကျေးသားမှာ ညီရင်းအစ်ကိုပင်ဖြစ်လင့်ကစားမနှိုင်းသာ မယှဉ်သာအောင် ကွာခြားနေပုံမျိုးဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများနှင့် PDF အကြမ်းဖက်သမားများမှာလည်း ထိုနည်းတူပင်ဖြစ်သည်။

လူငယ်များ၏စွမ်းပကားသည်နိုင်ငံတော်၏အားများပင်ဖြစ်ပါ၏။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည့်သူများဖြစ်သည်။ ထို့ကြောင့် လူငယ်တိုင်းလူငယ်တိုင်းသည် နိုင်ငံတော်အတွက် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဟု ဆိုရလောက်အောင် ထူးမြတ်သောသားကောင်းများဖြစ်ကြရန် လိုသည်။ နိုင်ငံတော်က မိမိတို့အပေါ် ပေးအပ်လိုက်သည့်တာဝန်များကို ကျေပွန်စွာဆောင်ရွက်လိုသည့်သန္နိဋ္ဌာန်စိတ်ရှိဖို့ လိုအပ်ပါသည်။

ကုန်ကုန်ဆိုရပါလျှင် “တာဝန်သိစိတ်” ရှိရုံမျှဖြင့်ပင် လုံလောက်သေးသည်မဟုတ်ပါ။ ‘‘တာဝန်ယူလိုစိတ်’’ ပြင်းပြင်းပြပြ ထက်ထက်သန်သန်ရှိနေရန်လည်း လိုပါသည်။ ကိုယ်လုပ်နေသည့်အလုပ်၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်တိုင်းကိုယ့်ပြည်တွင် ကိုယ်နှင့်သက်ဆိုင်သည့် တာဝန်များစွာ ရှိနေပါသည်။ ထိုသို့ ယူသင့်ယူအပ်သည့်တာဝန်များကို ကိုယ့်သဘောနှင့်ကိုယ်ယူပြီး ဆောင်ရွက်တတ်သူများကို “လူ့အဖိုးတန်” ဟု လူ့အဖွဲ့အစည်းက သတ်မှတ်လေ့ရှိပါ၏။

သာမန်လူတစ်ယောက်အတွက် ဘဝမှာအရေးအကြီးဆုံးအရာကိုပြပါဆိုလျှင် သူတို့၏ဘဝကိုသာ ပြဆိုမည်ဖြစ်သော်လည်း တပ်မတော်သားတစ်ယောက်အတွက်မူ ဘဝတွင်အရေးအကြီးဆုံးအရာဆိုသည်မှာ သူ့နိုင်ငံတော်ကို ကာကွယ်ရန်ပင်ဖြစ်ပါသည်။ သူ၏အမွန်မြတ်ဆုံးသောတာဝန်လည်း ဖြစ်ပါသည်။

ယခုဆိုလျှင် ထိုမွန်မြတ်သောတာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသားကောင်းစစ်သည်များမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)နှင့်(၂)တို့မှာ သတ်မှတ်ကာလပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အခမ်းအနားများဖြင့် ချီးမြှင့်ပေးအပ်၍ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းတို့၏ အိမ်အပြန်ခရီးမှာ နိုင်ငံသားတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည့်အတွက် မိမိအလုပ်အပေါ် ဂုဏ်ယူမြတ်နိုးစိတ်၊ နှစ်သက်ကြည်နူးစိတ်တို့နှင့်အတူ မိသားစုနှင့် ပြန်လည်ဆုံဆည်းရသည့်အတွက် ဝမ်းသာပျော်ရွှင်မှုတို့သည်လည်း အတိုင်းမသိ ပြည့်လျှမ်း၍ နေပါလိမ့်သည်။

ထိုထိုသော သားကောင်းစစ်သည်တို့၏ ဂုဏ်ယူဖွယ်ရာ အိမ်အပြန်ခရီးကို မိဘဆွေမျိုးများသာမက ဒေသခံပြည်သူများကပါ ဝမ်းပန်းတသာလှိုက်လှိုက်လှဲလှဲ ကြိုဆိုနေကြသည့် မြင်ကွင်းပုံရိပ်များကို ဆိုရှယ်မီဒီယာလူမှုကွန်ရက်အသီးသီးတွင် ကြည်နူးဖွယ်တွေ့မြင်နေရသည်မှာလည်း ပကတိအရှိတရားတစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့မှုအပေါ် ၎င်းတို့၏မိသားစုဝင်များသာမက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများကလည်း အထူးပင်ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ကြရသည်။ ထို့အတွက် ကြိုတင်တိုင်ပင်ထားကြရသည်မဟုတ်ပါဘဲ ရင်တွင်းဆန္ဒကိုယ်စီဖြင့် လှိုက်လှဲဝမ်းသာကြိုဆိုကြပုံများမှာ နံဘေးမှ မြင်တွေ့ရသူများအဖို့ပင် ကြည်နူးဖွယ်ကောင်းလှပါသည်။ သူတို့တစ်တွေ၏ ဝမ်းသာပျော်ရွှင်မှု၊ **စာမျက်နှာ ၇ သို့ ❍**

# တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေပေးအပ်

နေပြည်တော်   မေ   ၂၁

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင် များအား အလှူငွေပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင်အဆိုပါဆေးရုံတော်၌ပြုလုပ်ရာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ် ဆရာတော် ဒေါက်တာအရှင်တိက္ခသာရ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့်တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မျက်စိဝေဒနာ ရှင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာန ချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့ များနှင့် ဌာနဆိုင်ရာဝန်ထမ်းများမှ လှူဒါန်း သော အလှူငွေကျပ် ၁၀ သိန်း ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ ကြသည်။ ထို့နောက် တိုင်းမှူးနှင့်တက် ရောက်လာကြသူများကသီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်ဆရာတော်ထံ မှ အနုမောဒနာတရားနာယူကြပြီး ရေစက်



ဆရာတော်ထံမှ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။

သွန်းချအမျှပေးဝေကာ ဆေးရုံအတွင်း လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ တည်ထောင်တော်မူ သည့် ဆေးရုံတော်(၄၃)ခုအနက် (၃၇) ခုမြောက်ဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာ ရှင်များအား ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ယနေ့အထိ ဥပုသ်နေ့မှလွဲ၍ တစ်နေ့လျှင် ၂၀၀ ဦးခန့်ဖြင့် မျက်စိအထူးကုဆရာဝန်ကြီး များ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော် သားပါရဂူများ၊ ဆရာဝန်များနှင့်ကျန်းမာ ရေးဝန်ထမ်းများက မျက်စိစမ်းသပ်စစ်ဆေး ပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ခြင်းနှင့် မျက်စိ အစားထိုးကုသခြင်းများကို ကုသပေးလျက် ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကွန်ဟိန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်

နေပြည်တော်   မေ   ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန် ရှိသူများသည် ကွန်ဟိန်းတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှတာဝန် ရှိသူများက အာဟာရဖြည့်စားသောက် ဖွယ်ရာများပေးအပ်ရာ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များက လက်ခံ ရယူကြသည်။ ယင်းနောက် တိုင်းစစ်ဌာန ချုပ်မှ တာဝန်ရှိသူများက စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

❍ စာမျက်နှာ ၆ မှအဆက်

ကြည်နူးပီတိဖြစ်ရမှုများကို ကူးစက်ခံစား ရစေပါသည်။

ဒေသခံပြည်သူတို့ကလည်း မိမိတို့၏ တူသားနောင်မယ်များသဖွယ် ဂုဏ်ပြု ပန်းခြင်းများ၊ အောင်သပြေအောင်ပန်း များဖြင့် သောင်းသောင်းဖြဖြကမ်းလှမ်း ကြိုဆိုကြပါသည်။ ချီးမြှင့်ငွေများအပ်နှင်း ကြပါသည်။ ထိုမျှမကသေး အိုးစည် ဒိုးပတ်များ၊ အတီးအမှုတ်အကအခုန်များ ဖြင့်ပါ ပျော်ပျော်ပါးပါးဂုဏ်ပြုကြိုဆိုကြ ပါသေးသည်။ သူတို့တစ်တွေ၏ အပြုံး မျက်နှာများတွင် ဂုဏ်ယူမဆုံးသော ခံစားချက်ပုံရိပ်များကိုလည်း အထင်းသား တွေ့မြင်နေရပါသည်။

ပြည်သူ့စစ်မှုထမ်းများ၏ ခံစားခွင့်များ ကိုကြည့်လျှင် စစ်မှုထမ်းဆောင်ဆဲကာလ နှင့်စစ်မှုထမ်းဆောင်ပြီးကာလဟူ၍ နှစ်ပိုင်း တွေ့နိုင်ပါသည်။ ပြည်သူ့စစ်မှုထမ်းတစ်ဦး သည် စစ်မှုထမ်းဆောင်နေစဉ်အတွင်း တပ်မတော်တွင် သတ်မှတ်ထားသည့် အဆင့်အလိုက် လစာနှင့်စရိတ်အတိုင်း ခံစားခွင့်ရရှိစေရမည်ဟု ပြဋ္ဌာန်းထားပါ သည်။ ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန် ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်း တစ်ဦးအား ယင်းတာဝန်ထမ်းဆောင်နေ သည့်ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်ပါသည်။ ပြည်သူ့စစ်မှုထမ်း ကာလပြီးဆုံးသော အလုပ်သမားတစ်ဦး အား မူလထမ်းဆောင်ခဲ့သော အလုပ် အကိုင်သို့မဟုတ်အလားတူအလုပ်အကိုင် တွင် သတ်မှတ်ထားသည့်အတိုင်း အလုပ် ရှင်က ခန့်ထားရမည်ဖြစ်ပါသည်။ သတ်မှတ် ကာလပြည့်သည်အထိ ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးသူတစ်ဦးသည်မိမိသဘော ဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက် အမှုထမ်းလိုပါက သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စစ်မှု ထမ်းခွင့်ပြုနိုင်ပါသည်။ ပါရဂူဘွဲ့ရသူများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့ရသူ များနှင့် အခါအားလျော်စွာ သတ်မှတ် သည့်အရည်အချင်းနှင့် ပြည့်စုံသူများကို အရေးပေါ် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်သည်ဟုလည်း သိရပါသည်။

စစ်မှုထမ်းဆောင်ပြီးကာလအနေဖြင့် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက် ပြီးသူများသည် ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်သို့ အလားတူရာထူး အတိုင်းပြန်လည်ခန့်အပ်ခံကြရပြီး နိုင်ငံ တော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့် သောအကျိုးခံစားခွင့်များကို ရရှိမည်ဖြစ် ပါသည်။ ယခင်အလုပ်အကိုင်မရှိသူများ အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍ ၎င်းတို့ ဆန္ဒပြုသည့်အလုပ်အကိုင်များကို သတ်မှတ် ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်တွင်း/ ပြည်ပအလုပ်အကိုင်ခန့်အပ် ပေးနိုင်ရေးလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်၍ လိုအပ်သည်များဆက်လက် ဆောင်ရွက်ပေးသွားမည်ဟု သိရပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ် သည့် အသက်မွေးဝမ်းကျောင်းသင်တန်း များသို့တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်း အပါအဝင် ပြည်တွင်း/ ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့်၎င်းတို့ ၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင် နိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့်လည်းချိတ်ဆက်ဆောင် ရွက်ပေးနေကြောင်းသိရှိရပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများအလုပ် အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ" ကို ဖွဲ့စည်းထားပြီး ၎င်းစီမံခန့်ခွဲမှုကော်မတီ အောက်တွင် လုပ်ငန်းကော်မတီငါးခု ဖွဲ့စည်း၍ စီမံဆောင်ရွက်နေခြင်းဖြစ်ပါ သည်။ စစ်မှုထမ်းကာလပြည့်မြောက်၍ တာဝန်ကျေပွန်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း များကို သက်ဆိုင်ရာသင်တန်းများပေး၍ အစိုးရအမှုထမ်း၊ ပြည်ပအလုပ်အကိုင်များ၊ ကုမ္ပဏီအလုပ်အကိုင်များ၊ ပုဂ္ဂလိကအလုပ် အကိုင်များ၊ ကိုယ်ပိုင်အသက်မွေး ဝမ်းကျောင်းအလုပ်အကိုင်များလုပ်ကိုင် နိုင်ရေး သက်ဆိုင်ရာဌာနအသီးသီးနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တက်ညီ လက်ညီ စီမံဆောင်ရွက်ပေးလျက်ရှိ သည်မှာ များစွာအားတက်ဖွယ်ဖြစ်ရပါ သည်။

ဤသည်တို့မှာ နိုင်ငံတော်ကလိုအပ် သည့်အချိန်တွင် မိမိအသက်နှင့်ခန္ဓာကို ပဓာနမထားဘဲ တစ်သားတည်းပါဝင် ပေါင်းစပ်ခဲ့သူတို့အတွက် နိုင်ငံတော်နှင့် တပ်မတော်မှလည်း တန်ဖိုးထားလေးစား ဂုဏ်ယူလျက်ရှိကြောင်း ဖော်ညွှန်းပြဆို နေသည့် ပြယုဂ်များပင်ဖြစ်ပါသည်။ မေတ္တာနှင့်ယှဉ်သော အပြန်အလှန်ကျေးဇူး တုံ့တင်သည့် မင်္ဂလာရှိသောမြင်ကွင်းများ ပင်ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းလူငယ်တစ်ဦး တစ်ယောက်ချင်းစီမှာ နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သည့် ကျောက်ကောင်း ကလေးများပင် ဖြစ်ကြပါသည်။ သားကောင်းတစ်ယောက်ကျောက်ကောင်း တစ်စေ့ဆိုသည့်အတိုင်း နိုင်ငံ၏လက်ရုံး၊ နိုင်ငံ၏ပခုံး၊ နိုင်ငံ၏စွမ်းပကားများပင် ဖြစ်ကြပါသည်။

ပြည်သူ့ရင်မှဖြစ်သော ပြည်သူ့သား ကောင်းစစ်သည်တို့သည် သံတောင်ကြီး နဲ့ကျောက်ထီးပမာ တညီးညီးတပြောင် ပြောင်တောက်လောင်နေသည့် နေရောင် ကိုလည်း မမှု၊ မီးအရှိန်ကိုလည်း မဖြုံ၊ တကယ့်ကိုနိုင်ငံတော်လုံခြုံစိတ်ချရအောင် အားကြိုးမာန်တက်တာဝန်ထမ်းဆောင် ခဲ့ကြသည်။ "သားစဉ်မြေးမြစ်၊ ပြောထုံး ဖြစ်အောင်၊ တစ်စစ်တစ်မက်၊ ကိုယ်နှင့် သက်ကို၊ နှင်းဆက်ရည်၍၊ ဦးလည်မသုန်" တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ကျားကို ခလုတ်၊ သစ်ငုတ်သင်ဖြူး၊ ဆူးကိုမွေ့ယာ ပမာသဘောထား၍ အမိနိုင်ငံတော်၏ ပိုင်နက်နယ်မြေအန္တရာယ်ခရီးဆန့်ခဲ့ကြသူများ ဖြစ်ပါသည်။

သို့နှယ် နိုင်ငံတော်နှင့် နိုင်ငံသားတို့ အတွက် ကြီးလေးမွန်မြတ်သော တာဝန် ဝတ္တရားများကို ဦးဆွေးဆံမြည့်ထမ်း ဆောင်ခဲ့ကြသည့်တိုင်းပြည်၏သားကောင်း ရတနာများအား တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက နှစ်ထောင်းအားရ ဝမ်းပန်း တသာ ဂုဏ်ပြုကြိုဆိုနေကြပုံများမှာ အားတက်ဖွယ်၊ ဂုဏ်ယူဖွယ်၊ လှိုက်လှဲ ကြည်နူးဖွယ်ကောင်းလှပါသည်။ နိုင်ငံတော် နှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့ ကလည်း ၎င်းတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့် အလမ်းများ တိုးတက်မြင့်မားရေးအတွက် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည် မှာ အခြားသောလူငယ်များအဖို့ အားကျ ဂုဏ်ယူဖွယ်ကောင်းလှပါသည်။ အနှစ် ချုပ်ဆိုရပါသော် ရဲရင့်သူတို့၏ ဂုဏ်ယူ ဖွယ်ရာ အိမ်အပြန်ခရီးမှာ နိုင်ငံတော်နှင့် ပြည်သူတို့၏ မေတ္တာ၊ စေတနာမိုးတို့ သွန်းဖြိုးစွေရွာလျက်ကောင်းခြင်းအဖြာဖြာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်လျှမ်း၍ နေပါတော့သတည်း။ ။

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

**ဆရာကြီးခင်ဗျာ။ ကျွန်တော့်ရဲ့သမီး အသက်ကိုးနှစ်အရွယ်မှာ အစားမှားတိုင်း ဝမ်းကိုက်လေ့ရှိပါတယ်။ လက်သုပ်၊ အချဉ်၊ အစပ်တွေ အပြင်ကမကြာခဏဝယ်စားရာကနေ ဝမ်းကိုက်လာပြီး နောက်ပိုင်းမှာလည်း မကြာခဏဝမ်းကိုက်ပါတယ်။ တစ်ခါတစ်ရံသွေးပါတတ်တာကြောင့် အင်္ဂလိပ်ဝမ်းကိုက်ပျောက်ဆေးတစ်ခုကုန်အောင် သောက်လိုက်ရင် ပျောက်ကင်းသွားပေမယ့် အစားမှားတိုင်း ဝမ်းကိုက်တတ်ပါတယ်။ ဝမ်းကိုက်ရောဂါအတွက် ဆေးနည်းကောင်းများ သိရှိလိုပါတယ်ခင်ဗျာ။**

ဝမ်းကိုက်ရောဂါမှာ လေဝမ်းကိုက်နဲ့ သွေးဝမ်းကိုက်ဆိုပြီး နှစ်မျိုးရှိပါတယ်။ သွေးဝမ်းကိုက်တာ ပိုးကြောင့်ဖြစ်တယ်။ မသန့်ရှင်းတဲ့အစားအစာနဲ့ လက်လုပ်ချဉ်တွေမှာ ဝမ်းကိုက်ပိုးပါတတ်ပါတယ်။ ဝက်သားတုတ်ထိုး၊ အကင် စတဲ့အစားအစာတွေမှာလည်း သန်ကောင်ဥနဲ့ ဝမ်းကိုက်ပိုးတွေပါတတ်တယ်။ ဝမ်းကိုက်ရင် အောက်ပါနည်းလမ်းတွေကိုအသုံးပြုပါက သက်သာစေနိုင်ပါတယ်။

၁။ ကြက်ဥတစ်လုံးကို ထိပ်အနည်းငယ်ဖောက်ပြီး အကာကိုထုတ်ယူ၊ ကြက်ဥအတွင်းကို သကြားဟင်းစားဇွန်းတစ်ဇွန်း၊ ငရုတ်ကောင်းမှုန့်အနည်းငယ်ထည့်မွှေပြီး တစ်ကြိမ်တည်းကုန်အောင်သောက်ပါက အရိအရွဲပါသောဝမ်းကိုက်ရောဂါကို သက်သာစေပါတယ်။

၂။ ကြက်သွန်ဖြူနဲ့ထန်းလျက်ကိုရောပြီး နှမ်းဆီနဲ့ကြော်စားပါ။

၃။ ကြောင်ပန်းရွက်လက်တစ်ဆုပ်၊ ကွမ်းရွက် ၁၀ ရွက်၊ ရှားစေးတစ်ပဲသားကို ရေနွေးသုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။

၄။ ကြိတ်မှန်ရွက်ကို ထန်းလျက်နဲ့ရောကျိုသောက်ပါ။

၅။ သံပရာသီးတစ်လုံးကို အရည်ညှစ် ထိုအရည်နဲ့နှမ်းဆီကို ဆတူရောမွှေပြီး ကုန်အောင် တစ်ကြိမ်တည်းသောက်ပါ။

၆။ ဖီးကြမ်းငှက်ပျောသီးအမှည့်ကို ထောပတ်၊ နှမ်းဆီနဲ့နီအောင်ကြော်ကျွေးရင် လေဝမ်းကိုက်ရောဂါ သက်သာစေပါတယ်။

၇။ ငဖြူကြီးပင်အရွက်ကိုပြုတ်ပြီး အသုပ်သုပ်စားရင် ပိုးကြောင့်ဖြစ်တဲ့ ဝမ်းကိုက်ရောဂါ၊ သန်ထိုးလို့ဖြစ်တဲ့ဝမ်းကိုက်ရောဂါတွေ သက်သာစေပါတယ်။

၈။ ထားဝယ်မှိုင်းပင်အရွက်ကို အတို့အမြှုပ်ပြုလုပ်စားတာ ဒါမှမဟုတ် ထန်းလျက်နဲ့ရောပြီး ပြုတ်စားပါက သွေးဝမ်းကိုက်ရောဂါ သက်သာစေနိုင်တယ်။

၉။ ထန်းသီးဆန်အနုကိုစားပေးရင် လေဝမ်းကိုက်ရောဂါသက်သာစေနိုင်ပါတယ်။

၁၀။ မင်းကွတ်သီးအခွံကိုသွေးပြီး သောက်ရင် သွေးကျတဲ့ဝမ်းကိုက်ရောဂါသက်သာစေနိုင်တယ်။

၁၁။ တိုင်းရင်းဆေးအမှတ် (၁၆) နဲ့ တိုင်းရင်းဆေးအမှတ်(၇)နှယ်ချိုကဲဆေးတို့ကို နှစ်ဆ တစ်ဆ ရောစပ်ပြီး တိုက်ကျွေးပါက သွေးဝမ်းကိုက်ရောဂါ သက်သာစေနိုင်တယ်။

**ဆရာကြီးရှင့်။ မိုးရာသီရောက်တိုင်း အစားအစာတွေမှာ ယင်ကောင်တွေအုံတာများပြီး မသိလို့ဝယ်စားမိတဲ့သူတွေမှာ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ကြတာတွေများပါတယ်။ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်တဲ့အခါ ဘယ်လိုဆေးတွေကိုသုံးစွဲရမယ်ဆိုတာ သိလိုပါတယ်။**

အစားမှားလို့ဖြစ်တဲ့ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနဲ့ ပိုးကြောင့်ဖြစ်တဲ့ ဝမ်းပျက်၊ ဝမ်းလျှောရောဂါဆိုပြီး နှစ်မျိုးရှိပါတယ်။ အဲ့အတွက် ဆေးနည်းတိုတွေ ဖော်ပြပေးပါမယ်။

၁။ ဝမ်းလျှောရင် ရေနွေးကြမ်းအဖန်ရည် (လက်ဖက်ခြောက်အကျရည်) မတ်ခွက်တစ်လုံးစာမှာ သကြား ဟင်းစားဇွန်းသုံးဇွန်း၊ ဆားလှော် ကော်ဖီဇွန်းတစ်ဇွန်း ရောစပ်သောက်ပါ။

၂။ ကောက်ညှင်းငချိပ်ဆန်ကို ဆားအနည်းငယ်ထည့်ပြီး ဒယ်အိုးဖြင့်နီအောင်လှော်ပါ။ အမှုန့်ထောင်းပြီး ရေအေးဖြင့်စိမ်ထားပါ။ အနည်ထိုင်သွားရင် အပေါ်အရည်ကြည်ကို ရေငတ်တိုင်းသောက်ပေးပါ။ ရေငတ်ဝမ်းကျ ခေါ် အပူဝမ်းပျက်ရောဂါကို သက်သာစေပါတယ်။

၃။ (ရှေးနည်း) မီးဖိုချောင်မှာ မှောက်ထားတဲ့ ကျပ်ခိုးစွဲနေတဲ့မြေအိုးထဲကို နနွင်းမှုန့်နဲ့ ဆားလှော်အနည်းငယ်ရောထည့်ပါ။ ထိုအရောကိုသောက်ပေးပါက အထက်လန်အောက်လျှောရောဂါနဲ့ ဝမ်းပျက်ရောဂါကိုပျောက်ကင်းစေပါတယ်။

၄။ သရက်သီးစေ့အတွင်းမှ အဆန်ကိုကြိတ်ခြေ၊ သကြားအနည်းငယ်၊ ဆားအနည်းငယ်ထည့် ရောစပ်ပြီးကျွေးပါ။

၅။ ပိန္နဲသီးစေ့ကို ဆားအနည်းငယ်နဲ့ရောပြုတ်၊ ရသောပြုတ်ရည်ကို တိုက်ပေးပါက ဝမ်းဖောဝမ်းပျက်ရောဂါသက်သာစေနိုင်တယ်။

၆။ ငှက်ပျောပင်ရဲ့အူတိုင်ကိုအရည်ညှစ်ပြီး ဆားလှော်အနည်းငယ်နဲ့ ရောစပ်တိုက်ကျွေးပါက ဝမ်းလျှောပြီး ကြွက်တက်ခြင်းကို သက်သာစေတယ်။

၇။ သကြား၊ ဆားလှော်၊ နနွင်းသုံးမျိုးကို ရေနွေးနဲ့ဖျော်ပြီး တိုက်ကျွေးရင် ဝမ်းလျှောပြီး ကြွက်တက်တာကိုသက်သာစေပါတယ်။

**ဆရာကြီးခင်ဗျာ။ ကျွန်တော့်မှာ လိပ်ခေါင်းရောဂါဖြစ်နေတာ သုံးနှစ်ကျော်ပါပြီ။ စားဆေးများစားသော်လည်း မသက်သာသဖြင့် အနောက်တိုင်းဆေးတစ်မျိုးကိုဝယ်သုံးသော်လည်း အရှင်းမပျောက်ကင်းပါ။ ဝမ်းချုပ်စာများ ဥပမာ– ကောက်ညှင်း၊ ဆန်စေးတွေစားမိရင် ဝမ်းသွားတဲ့အခါ သွေးပါလာပါတယ်။ တစ်ခါတစ်ရံ ဝမ်းသွားပြီးနောက်ဆုံးမှာ သွေးတွေတစ်စက်တစ်စက်ယိုစီးကျလာပါတယ်။ တိုင်းရင်းဆေး လိပ်ခေါင်းပျောက်ဆေးတွေလည်း နှစ်မျိုး၊ သုံးမျိုးဝယ်သုံးကြည့်ဖူးပါတယ်။ လိပ်ခေါင်းက ဝမ်းသွားရင်ထွက်လာပြီး ရေသုံးလိုက်ရင်ပြန်ဝင်သွားပါတယ်။ ယခုနောက်ပိုင်း လိပ်ခေါင်းမှာ ဝမ်းသွားပြီး ရေများများသုံးစွဲသော်လည်း အတွင်းသို့ အကုန်ပြန်မဝင်ဘဲ လက်တစ်ဆစ်ခန့် အပြင်သို့ထွက်နေပါတယ်။ ဆေးရုံတက် ခွဲစိတ်ရန်မှာလည်း စားဝတ်နေရေးနဲ့ ငွေကြေးအခက်အခဲကြောင့် အဆင်မပြေလို့ လိပ်ခေါင်းသွေးကျခြင်းမှသက်သာစေရန် မည်သို့ပြုလုပ်ရမည်ကို အကြံပေးစေလိုပါတယ်။**

လိပ်ခေါင်းရောဂါမှာ အဆင့်သုံးဆင့်ရှိပါတယ်။ ပထမအဆင့်မှာ ဝမ်းချုပ်ရင် သွေးကျတတ်တဲ့ လိပ်ခေါင်းရောဂါ၊ ဒုတိယအဆင့်မှာ ဝမ်းသွားရင် အပြင်သို့ထွက်လာပြီး ရေသုံးလိုက်ရင် ပြန်ဝင်သွားတဲ့ အပြင်လိပ်ခေါင်းရောဂါ၊ တတိယအဆင့်မှာ အပြင်သို့ထွက်နေပြီး ပြန်မဝင်နိုင်တဲ့ လိပ်ခေါင်းရောဂါတို့ဖြစ်တယ်။ တတိယအဆင့်ကိုရောက်ရင် စားဆေး၊ လိမ်းဆေးနဲ့မရဘဲ ခွဲစိတ်ကုသရမယ့်အဆင့်ဖြစ်တယ်။ အပူ၊ အစပ်၊ ကောက်ညှင်း၊ မာသောအစာ၊ ဝမ်းချုပ်စေတဲ့အစားအစာတွေ ရှောင်ကြဉ်ရမယ့်ရောဂါဖြစ်တယ်။ လိပ်ခေါင်းရောဂါအတွက် ထိုက်သင့်သလောက် သက်သာစေနိုင်တဲ့နည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

၁။ ဆားခါးကို ရေနွေးနဲ့ဖျော်၊ အင်တုံမှာထည့်၊ ရေအေးရောစပ်ပြီး ထိုင်ပေးရင် လိပ်ခေါင်းပြန်ဝင်စေတယ်။

၂။ လက်ဖက်ခြောက်အဖန်ရည်၊ ဆားခါး၊ ပျားရည်ရောစပ်ပြီး ဖန်ရည်ဆေးပေးရင် လိပ်ခေါင်းရောဂါသက်သာစေတယ်။

၃။ ကျားမနိုင်မြစ်ကိုသွေးပြီး သုတ်လိမ်းပေးရင် လိပ်ခေါင်းသွေးကျရောဂါသက်သာစေနိုင်ပါတယ်။

၄။ ပန်းလဲပွင့်ကို လက်ဖက်ခြောက်ကဲ့သို့ ရေနွေးတွင်ခတ်ပြီး သောက်သုံးပေးခြင်းဖြင့် တစ်နေ့ကုန်ထိုင်လိုက်တိုင်း လိပ်ခေါင်းမှ သွေးကျခြင်းကိုသက်သာစေနိုင်ပါတယ်။ ပန်းလဲပွင့်က ဖန်ခါးသဖြင့် အရသာရှိစေရန် သကြားနဲ့ပြုတ်ပြီးသောက်ပေးရင် လိပ်ခေါင်းသွေးကျရောဂါသက်သာစေတယ်။

၅။ ကုန်းကန်စွန်းရိုးနီကို မန်ကျည်းမှည့်နဲ့ပြုတ်ပြီး အသုပ်ပြုလုပ်စားပါက လိပ်ခေါင်းသွေးကျရောဂါ သက်သာစေတယ်။

၆။ ရေထိကရုံးပင်ကိုရေဆေးပြီး အစိမ်းအတိုင်း အတို့အမြှုပ်ပြုလုပ်စားပါ။ ဒါမှမဟုတ် အသုပ်ပြုလုပ်စားပါက လိပ်ခေါင်းကြောင့် ပူသောရောဂါကို သက်သာစေနိုင်ပါတယ်။

၇။ ဗေဒါပင်ကို ဝက်သား ဒါမှမဟုတ် ငါးကြီးခုတ်သားနဲ့ရောချက်စားပါက လိပ်ခေါင်းကို သက်သာစေနိုင်ပါတယ်။

၈။ ဆင်စွယ်ဂမုန်းကို ဝက်သားနဲ့ရောချက်စားပါက လိပ်ခေါင်းရောဂါပျောက်ကင်းနိုင်တယ်လို့ဆိုပါတယ်။ ဝက်သားမစားပါက ငါးမြင်း၊ ငါးတန် ဆူဖြိုးတဲ့ငါးနဲ့ရောချက်စားလို့ရပါတယ်။

၉။ ပွေးကိုင်းကိုလှော်ပြီး ရှောက်သီးတစ်လုံး၊ မန်ကျည်းမှည့်အနှစ်၊ ဆားလှော်တို့နဲ့ ရောချက်စားပါက လိပ်ခေါင်းရောဂါသက်သာပြီး ဝမ်းမှန်စေနိုင်တယ်။

၁၀။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၈) သွေးဒူလာဆေးကို စွဲမြဲသောက်ပေးပါက လိပ်ခေါင်းရောဂါနဲ့သွေးကျရောဂါ သက်သာစေနိုင်တယ်။

**■ ဝမ်းလျှောရင် ရေနွေးကြမ်းအဖန်ရည် (လက်ဖက်ခြောက်အကျရည်) မတ်ခွက်တစ်လုံးစာမှာ သကြား ဟင်းစားဇွန်းသုံးဇွန်း၊ ဆားလှော် ကော်ဖီဇွန်းတစ်ဇွန်း ရောစပ်သောက်ပါ။**

**■ ကောက်ညှင်းငချိပ်ဆန်ကို ဆားအနည်းငယ်ထည့်ပြီး ဒယ်အိုးဖြင့်နီအောင်လှော်ပါ။ အမှုန့်ထောင်းပြီး ရေအေးဖြင့်စိမ်ထားပါ။ အနည်ထိုင်သွားရင် အပေါ်အရည်ကြည်ကို ရေငတ်တိုင်းသောက်ပေးပါ။ ရေငတ်ဝမ်းကျ ခေါ် အပူဝမ်းပျက်ရောဂါကို သက်သာစေပါတယ်။**

**■ ပိန္နဲသီးစေ့ကို ဆားအနည်းငယ်နဲ့ရောပြုတ်၊ ရသောပြုတ်ရည်ကို တိုက်ပေးပါက ဝမ်းဖောဝမ်းပျက်ရောဂါသက်သာစေနိုင်တယ်။**

**■ သကြား၊ ဆားလှော်၊ နနွင်းသုံးမျိုးကို ရေနွေးနဲ့ဖျော်ပြီး တိုက်ကျွေးရင် ဝမ်းလျှောပြီး ကြွက်တက်တာကိုသက်သာစေပါတယ်။**

*ကြည်လွင်မြင့်(မုဒြာ)*

# ပုသိမ်မြို့ သူနာပြုသိပ္ပံသင်တန်းကျောင်း၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော



ပုသိမ် မေ ၂၁

၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့ သူနာပြုသိပ္ပံသင်တန်းကျောင်း၌ မေလ ၂၀ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ ဒေါ်လှိုင်သီရိထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်၊ ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်လာပုံနှင့် အကြောင်းရင်းများ၊ ဆိုးကျိုးများနှင့်အကျိုးဆက်များ၊ ထိန်းသိမ်းကာကွယ်ရန်နည်းလမ်းများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင်ဖြစ်ပွားခဲ့သော ရာသီဥတုပြောင်းလဲမှုများကြောင့်ဖြစ်ပွားနိုင်သည့် ကျန်းမာရေးဆိုးကျိုးများနှင့် ရင်ဆိုင်ဖြေရှင်းခြင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များကိုဟောပြောပြီး တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဧရာဝတီတိုင်းဒေသကြီး၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော်　မေ　၂၁

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိတပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၃၀ ပါးနှင့်သာသနာနွယ်ဝင်သီလရှင် ၃ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိသံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။　(၁၀၀)

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲကျင်းပ



မန္တလေး　မေ　၂၁

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ မြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်နှင့်တာဝန်ရှိသူများ၊ ကျောင်းသားလူငယ်များ၊ ကြက်ခြေနီလူငယ်များ၊ အားကစားလူငယ်များ၊ ပရဟိတလူငယ်များနှင့်စွန့်ဦးတီထွင်လုပ်ငန်းရှင်လူငယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောက်ဆည်မြို့မှ တာဝန်ရှိသူများထံ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အလှည့်ပေါင်းစုံမှလူငယ်များက သိလိုသည်များကိုမေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ကောင်းမြတ်ဖို့ ကျောင်းအပ်စို့

❖ ရင်မှလွယ်ဖွား
သမီးသားအပေါ်မှာ။
မိဘတိုင်းချစ်စိတ်အား
ကြီးမားကြကာ။
အလှဆန်းစွာ
ဘဝလမ်းသာစေရေး။
ဆုံးမသွန်သင် တည့်မတ်ခြင်း
ဆောင်ကြဉ်းသည်လေး။

❖ သားသမီးတွေ နှလုံးလှ
ပညာပြည့်ဝ ယဉ်ကျေးရန်။
မိဘတိုင်းလိုလား
ကြိုးစားစီမံ။
ကောင်းဆိုးမှားမှန်
ဝေဖန်သုံးသပ်နိုင်ရုံမက။
ဗလငါးတန်ပြည့်စုံရေးထိ
အလေးထားကြ။

❖ သားသမီးတို့ဘဝ
ဘက်စုံလှပတင့်တယ်စွာ။
ရပ်တည်နေနိုင်စေရေး
ပေးစွမ်းမည်မှာ။
စာပေသင်ကြားပေးရာ
ကျောင်းတော်သာဖြစ်သည်မို့။
မိဘတိုင်းအလေးထား၍
သားသမီးတို့ကောင်းမြတ်ရေး
ကျောင်းအပ်ပေးစို့။　။

မနောသစ်(ပခုက္ကူ)

# ဓာတ်မြေသြဇာအသုံးပြုမှုလျှော့ချပြီး စပါးအထွက်နှုန်းမြင့်တင်နိုင်ရေး အသိပညာပေး

နေပြည်တော်　မေ　၂၁

စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ အကြိမ်(၁၁၀)မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပခဲ့ပြီး ဓာတ်မြေသြဇာအသုံးပြုမှုသက်သာစေ၍ စပါးအထွက်နှုန်းထိန်းထားနိုင်သော နည်းလမ်းများခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ယခုဆွေးနွေးပွဲသည် တောင်သူကြီးများလယ်ယာထွက်ကုန် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ရင်ဆိုင်နေရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို ပညာရှင်များနှင့်တိုက်ရိုက်တွေ့ဆုံကာ အကောင်းဆုံးနည်းလမ်းများ ပူးပေါင်းရှာဖွေရန်နှင့် အတွေ့အကြုံများ နီးနှောဖလှယ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်စား စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ၎င်းက မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်သည်နှင့်အညီ စပါးစိုက်ပျိုးမှုသည် နိုင်ငံတော်စီးပွားရေးနှင့် ပြည်သူ့စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျကြောင်း ထည့်သွင်းပြောကြားသည်။



အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများနှင့် သုတေသီပညာရှင်များ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြသည်။ ထို့ပြင် တိုင်းနှင့်ပြည်နယ်အသီးသီးမှ Zoom Point ၁၀၀ မှတစ်ဆင့် ပညာရှင်များနှင့် တောင်သူ ၁၈၉ ဦး အွန်လိုင်းဖြင့် တက်ရောက်ကြရာစုစုပေါင်းအင်အား ၂၆၉ဦး တက်ရောက်ကြကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒကထာနာယူ



ရန်ကုန် မေ ၂၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဆရာတော် အရှင်သိရီကဋ္ဌနာဘိဝံသ၏ရဟန်းဘဝ ဝိဇာတမွေးနေ့နှင့်စပ်လျဉ်း၍ သာသနာ့အကျိုးပိုမိုသယ်ပိုးနိုင်စေရန် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံမှ ဩဝါဒကထာနာယူခြင်းနှင့်ကုသိုလ်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အောင်ပြည့်အေးချမ်း ကေတုမတီ ပရိယတ္တိစာသင်တိုက်၌ကျင်းပခဲ့သည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဆရာတော်နှင့်အောင်ပြည့်အေးချမ်းကေတုမတီပရိယတ္တိစာသင်တိုက်စာချ/စာသင်သံဃာ ၁၆၀ ပါးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ချမ်းမြသာစည်ဆရာတော် ဘဒ္ဒန္တသီဟနာဒထံမှ သီလခံယူခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရီကဋ္ဌနာဘိဝံသရဟန်းဘဝဝိဇာတမွေးနေ့နှင့် စပ်လျဉ်းလျှောက်ထားပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဂ္ဂမဟာပဏ္ဍိတ နေနတ်သားဆရာတော် ဘဒ္ဒန္တသုစိတ္တထံမှ မွေးနေ့ရှင်ဆရာတော်နှင့်တကွတပည့်သံဃာဒကာ၊ ဒကာမများက ဩဝါဒကထာနာယူခဲ့ကြသည်။

ထို့နောက် ကြွရောက်လာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား တပည့်သံဃာ၊ ဒကာ၊ ဒကာမများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်မြင်စွာ ပြီးမြောက်စေခဲ့ကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဆရာတော် အရှင်သိရီကဋ္ဌနာဘိဝံသသည် ၁၃၄၅ ခုနှစ် နယုန်လဆန်း (၅)ရက် ၁၉၈၃ ခုနှစ် ဇွန်လ ၁၅ ရက်ဗုဒ္ဓဟူးနေ့တွင် ဥပသမ္ပဒါဘိသေက မင်္ဂလာခံယူ၍ မြင့်မြတ်တင့်ဆန်း အထက်တန်းကျ ရဟန်းဘဝကိုရရှိခဲ့ပြီး လူငယ်များအတွက် ဗုဒ္ဓဘာသာအခြေခံအကျင့်စာရိတ္တ၊ ယဉ်ကျေးမှုနှင့် ဓမ္မပညာများကို သင်ကြားပေးနေသော "ဓမ္မစကူးဖောင်ဒေးရှင်း" လုပ်ငန်းများတွင် ဦးဆောင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **လင်းခန့်**

# သုတေသနစခန်းအမှတ်(၅) မိုးဆွေ၊ သစ်တော စိုက်ခင်းများနှင့် ငလိုက်စခန်းသာဆင်စခန်းအား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည်အမြဲတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် သုတေသနစခန်းအမှတ်(၅) မိုးဆွေသို့ရောက်ရှိရာ သစ်တောသုတေသနဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သုတေသနစခန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ပြီး လုပ်ငန်းအတွက် အထောက်အကူပြုစေရေး၊ အကျိုးဖြစ်ထွန်းစေရေးအသိပညာပေးခြင်းများ ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အဆင့် ပိတောက်ကိုင်းချိုင်ခြင်း စမ်းသပ်ကွက်မှ ရရှိလာသည့် အပင်ကြီးထွားနှုန်း၊ အရည်အသွေးကွာခြားမှုနှုန်းများကို သိပ္ပံနည်းကျ တိုင်းတာ မှတ်တမ်းထားရှိနိုင်ရန်နှင့် ကျွန်းအနက်စင်းစမ်းသပ်ကွက်မှကောင်းမွန်ပြီး ရောဂါကင်းစင်သောအပင်များကို မှတ်တမ်းထားပြီး မျိုးစေ့ထုတ်လုပ်နိုင်ရန်အတွက် မိခင်ပင်(plus tree)အဖြစ် သတ်မှတ်ထိန်းသိမ်းရန်၊ ဝါးကို စနစ်တကျ စိုက်ပျိုးပြုစုထိန်းသိမ်းရန်နှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလိုက်စခန်းသာဆင်စခန်းသို့ ရောက်ရှိရာ ဆင်စခန်းတာဝန်ခံမှ ဆင်စခန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေ၍ ဆင်စခန်းအား ပိုမိုသာယာလှပအောင် ဆောင်ရွက်သွားရန်နှင့်ဆင်များဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်သည့်အတွက် အန္တရာယ်မဖြစ်စေရေး ဆောင်ရွက်သွားရန်မှာကြားကာ ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**



သစ်ပင်စိုက်ပွဲများအတွက် ပျိုးပင်များ အဆင်သင့်ဖြစ်စေရန်အတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် မှာကြားသည်။

ထို့နောက် နေပြည်တော်-တောင်တွင်းကြီးလမ်းဘေးရှိ ပိတောက်ကိုင်းချိုင်ခြင်း စမ်းသပ်ကွက် ၁၀ ဧကနှင့် ကျွန်းအနက်စင်းစမ်းသပ်ကွက် ၆ ဧက၊ နေပြည်တော်-မန္တလေးအမြန်လမ်းဘေးရှိဝါးမျိုးစုံစိုက်ခင်း ၁၅ ဧကနှင့် အမြန်လမ်းဘေးဝဲ/ယာ တစ်အုပ်တစ်မစိုက်ခင်း ၅ ဧကအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက

# မင်းဘူးပြည်သူ့ဆေးရုံကြီးနှင့် မကွေးပြည်သူ့ဆေးရုံကြီးတို့သို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုတို့သည် ယနေ့နံနက်ပိုင်းတွင် မင်းဘူးပြည်သူ့ဆေးရုံကြီးကို လှည့်လည်ကြည့်ရှုကာ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မကွေးပြည်သူ့ဆေးရုံကြီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာနက ငါးထပ်ကုသဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကာ အဆောက်အအုံ အရည်အသွေးကောင်းမွန်စွာ၊ ဖွဲ့စည်းတည်ဆောက်ပုံမှန်ကန်စွာ အချိန်မီပြီးစီးစေရေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မကွေးပြည်သူ့ဆေးရုံကြီး အထွေထွေရောဂါကုသဆောင်၊ ဆီးချိုနှင့်ဟော်မုန်းရောဂါကုသဌာန၊ ဆီးနှင့် ကျောက်ကပ်ကုသဌာန၊ ကလေးကုသဆောင်၊ မွေးကင်းစအထူးကြပ်မတ်ကုသဆောင်၊ မျက်စိရောဂါကုသဆောင်တို့ကိုလှည့်လည်ကြည့်ရှုသည်။

ယင်းနောက်အစည်းအဝေးခန်းမ၌ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံကာ ဆေးကုသရေးလုပ်ငန်းများနှင့်သင်ကြားရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# လွှတ်တော်ကိုယ်စားလှယ်များတည်းခိုနေထိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌမြို့တော်ဝန် ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရိပ်သာ၌ တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရန်အတွက် နေရာချထားမည့် အဆောင်သုံးခု၏ အိပ်ဆောင်များ၊ ဧည့်တွေ့ဆောင်များ၊ နားနေဆောင်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးပေးခန်း၊ စားရိပ်သာအဆောင်များတွင် ချက်ပြုတ်စားသောက်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရေ၊ လျှပ်စစ်မီးရရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က အိပ်ဆောင်များတွင် အမှိုက်ပုံးများထားရှိပေးရန်နှင့် အမှိုက်သိမ်းစနစ်အား စနစ်တကျဆောင်ရွက်ရန်၊ အဆောင်ဘေးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် မြက်ချုံရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့် လုံခြုံရေးစနစ်ကောင်းမွန်စေရေးအလေးထားဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# လူမှုဖူလုံရေးအဖွဲ့က ရွှေ့လျားဆေးကုသယာဉ်ဖြင့် မြန်မာ့မီးရထား(ရုံးချုပ်)မှ အာမခံအလုပ်သမား ဝန်ထမ်းများအား ကွင်းဆင်းဆေးကုသမှုပေး



နေပြည်တော်  မေ  ၂၁

လူမှုဖူလုံရေးအဖွဲ့ပိုင် ရွှေ့လျားဆေးကုသယာဉ် (Mobile Medical Unit–MMU) နှစ်စီးဖြင့် မြန်မာ့မီးရထားရုံးချုပ် (နေပြည်တော်) နှင့် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) တို့မှ အရာထမ်း၊ အမှုထမ်း အာမခံအလုပ်သမားဝန်ထမ်းများအား ယနေ့ နံနက်ပိုင်းတွင် လုပ်ငန်းခွင်အရောက် ကွင်းဆင်းဆေးကုသဆောင်ရွက်ပေးမှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့ ကြည့်ရှုအားပေးသည်။

ရွှေ့လျားဆေးကုသယာဉ်များဖြင့် ကွင်းဆင်းဆေးကုသပေးရာတွင် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့က ကျောက်ကပ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါရှိသူများအား လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများ၊ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးခြင်း၊ နောက်ဆက်တွဲရောဂါများဖြစ်ပွားမှုနည်းပါးစေရန်လိုက်နာရမည့်ကျန်းမာရေးဆိုင်ရာ အမူအကျင့်များကို အသိပညာပေးပြောကြားခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး ဓာတ်ခွဲစစ်ဆေးမှု ၃၂၇ ဦး၊ နှလုံးစမ်းသပ်စစ်ဆေးမှု ၁၈၅ ဦး၊ မျက်စိပါဝါစမ်းသပ်မှု ၃၂၅ ဦး၊ မျက်မှန်ပေးအပ်မှု ၃၂၀ ဦးရှိကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်

နေပြည်တော်  မေ  ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဒီဂရီ




ကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) စတင်ဖွင့်လှစ်သည့် အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၃၁ ဦး၊ သိပ္ပံဘွဲ့ ၁၅၅၂ ဦး၊ B.Tech ဘွဲ့ ၁၃၅ ဦး၊ AGTI ဒီပလိုမာ ၁၁၂၃ ဦး စုစုပေါင်း ၃၅၄၁ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ စဉ်ဆက်မပြတ်ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၇ ဦး၊ M.Res ဘွဲ့ ၅၅ ဦး၊ Ph.D ဘွဲ့ ၁၇ ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ၄၅၂ ဦး ရှိလာသည်မှာ အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဝိဇ္ဇာဘာသာနှင့် သိပ္ပံဘာသာထူးချွန်ဆုရကျောင်းသားများအား ထူးချွန်ဆုများ၊ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအား အလုပ်ခန့်အပ်လွှာများပေးအပ်သည်။

ထို့နောက် အဆိုပါဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံဆွေးနွေးပြီး ကောလိပ်မိုးလုံလေလုံအားကစားရုံ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ အိပ်ဆောင်များနှင့် သုံးထပ်ကျောင်းသူအိပ်ဆောင် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်းနှင့် ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ယန္တရားကြီးများနှင့်ထောက်ပံ့ရေးပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တွေ့ဆုံဆွေးနွေး

ရန်ကုန်  မေ  ၂၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်းတို့သည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ကချင်၊ ကရင်၊ ဇိုတုန်(ချင်း)၊ ဟွာလ်ငို(ချင်း)၊ မရာ(ချင်း)၊ ဒိုင်(ချင်း)၊ ဗမာ၊ ထားဝယ်၊ မွန်၊ ရခိုင်၊ မြို၊ ခမီ၊ ရှမ်း၊ ပအိုဝ်း၊ တအာင်းနှင့်ကိုးကန့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များက တိုင်းရင်းသားဘာသာစာပေသင်ကြားရေးဆိုင်ရာများ၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားများ၏နေ့ထူးနေ့မြတ်ပွဲတော်ကျင်းပရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးရာပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များကိုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



မြဝတီ

# ၂၀၂၆ ခုနှစ် မေလ ၁၉ ရက်တွင် ရန်ကုန်မြို့၏ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော်  မေ  ၂၁

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါတိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများ လေ့လာရေးခရီးစဉ်များဆောင်ရွက်

နေပြည်တော် မေ ၂၁

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများသည် ယနေ့တွင် နေပြည်တော်လေတပ်စခန်းရှိ ပျံသန်းရေးအုပ်များသို့ သွားရောက်လေ့လာခြင်းနှင့် နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခြင်းများ ဆောင်ရွက်ကြသည်။



အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား၊ သင်တန်းသူများ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား၊သင်တန်းသူများ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် (နေပြည်တော်)အား သွားရောက်လေ့လာစဉ်။

ဦးစွာ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ မြစ်ကြီးနားသင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ လွိုင်ကော်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်း၊ပြည်သင်တန်းစခန်း၊မန္တလေးသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်းစသည့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းစခန်းများမှ သင်တန်းသား၊ အုပ်ချုပ်သူနည်းပြများနှင့် ဆရာ/ဆရာမများသည် နေပြည်တော်လေတပ်စခန်းသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိရာ တာဝန်ရှိသူများမှ ကြိုဆိုကြသည်။



အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား၊ သင်တန်းသူများ နေပြည်တော်ရှိ နယ်မြေခံလေတပ်စခန်းတွင် ကြည့်ရှုလေ့လာစဉ်။

၎င်းနောက် နေပြည်တော်ရှိ နယ်မြေခံလေတပ်စခန်း၊ ပျံသန်းရေးအုပ်များရှိ လေယာဉ်/ရဟတ်ယာဉ်အသီးသီး၏ Cock-pit ခန်းများ၊ လေယာဉ်ကိုယ်ထည်ခန်းများ၊ Flight Instrument များ၊ Engine Instrument များအားကြည့်ရှုလေ့လာခြင်းများဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ထို့နောက် ပျံသန်းရေးအုပ်များရှိတာဝန်ရှိသူများကလေယာဉ်/ရဟတ်ယာဉ်အလိုက် စွမ်းပကားများ၊ ထမ်းဆောင်နိုင်သည့်လုပ်ငန်းတာဝန်များအား ရှင်းလင်းပြသကြသည်။

ဆက်လက်ပြီး သင်တန်းသားများသည် လေယာဉ်Simulatorခန်းသို့သွားရောက်ကာ တာဝန်ခံနည်းပြမှ Simulatorမောင်းနှင်သည့် Procedure များ၊ Flight Instrument များ၏ လုပ်ဆောင်ပုံများကို လက်တွေ့ရှင်းလင်းသရုပ်ပြသခဲ့ပြီး သင်တန်းသားများမှ လေယာဉ် Simulator ဖြင့် လက်တွေ့မောင်းနှင်ပျံသန်းခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် လေကြောင်းလူငယ်သင်တန်းသားများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခဲ့ကြရာ တာဝန်ရှိသူများမှ ဘုရားသမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားများသည် လိုဏ်ဂူတော်အတွင်းရှိ ပွင့်တော်မူပြီးသော ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရားနှင့် ဂေါတမဘုရားကျောက်စိမ်းဆင်းတုတော် လေးဆူနှင့် သီရိလင်္ကာနှင့် တရုတ်နိုင်ငံတို့မှ ဗုဒ္ဓစွယ်တော်ပွား ၂ ဆူအား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် သင်တန်းသားများမှ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး သင်တန်းသားများသည် စေတီတော်မြတ်ကြီးအရှေ့ဘက်စောင်းတန်းရှိ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် (နေပြည်တော်)သို့ သွားရောက်ကာ ရတနာဆင်ဖြူတော်များအားလေ့လာခြင်းနှင့်ဘုရားစောင်းတန်းတစ်လျှောက်ရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် မေ ၂၁

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သန်လျင်တပ်နယ်အားကစားကွင်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲအဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲကိုကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှု အောက်ရေတပ်စခန်းဌာနချုပ်များမှပြိုင်ပွဲဝင်အသင်း (၉)သင်းဖြင့် ဇွန်လ ၁၁ ရက်အထိယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၁၀၉)ကြိမ်မြောက် ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ်သင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ



ပဲခူး မေ ၂၁

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် (၁၀၉)ကြိမ်မြောက် ဘက်စုံသားဖွား ဒီပလိုမာနှစ်နှစ်သင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သူနာပြုသားဖွားအတတ်ပညာသည်ပြည်သူလူထု၏အခြေခံကျန်းမာရေးတိုးတက်မြင့်မားလာစေရန် ပြုစုစောင့်ရှောက်ပေးရသည့် မြင့်မြတ်သောအသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုဖြစ်ကာ သင်တန်းသူများအနေဖြင့်မိမိတို့တတ်မြောက်ရမည့် အသိပညာ၊ အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်သည်အထိ လက်တွေ့လေ့ကျင့်သင်ယူပြီး လုပ်ငန်းခွင်ဝင်ရာတွင် လည်း လူမျိုး၊ ဘာသာ၊ အတန်းအစား မခွဲခြားဘဲ သူနာပြုကျင့်ဝတ်၊ သိက္ခာ၊ သစ္စာအဓိဋ္ဌာန်နှင့်အညီ ကျင့်ကြံနေထိုင်ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိခဲ့သော ဒုတိယနှစ်သားဖွားသင်တန်းသူသုံးဦးအားလည်းကောင်း၊ လူမှုရေးရာဝန်ကြီး ဒေါက်တာ ထူးခြားအောင်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိခဲ့သည့် ပထမနှစ်သားဖွားသင်တန်းသူသုံးဦးတို့အား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။ ၎င်းနောက် သားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်ဌေးဌေးမွန် သင်တန်း သူ ၁၀ ဦးအား သူနာပြုဦးဆောင်းများ အပ်နှင်းပေးကြသည်။

ယင်းနောက် ကမ္ဘာ့သူနာပြုမိခင်ကြီး မီးအိမ်ရှင်ဖလော်ရင့်(စ)နိုက်တင်ဂေးအား ဂုဏ်ပြုသောအားဖြင့် သင်တန်းသူများက ဖယောင်းတိုင်မီးထွန်းညှိခဲ့ကြကာ “ဂရုဏာအလင်း”သီချင်းဖြင့်သီဆိုဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။ (၄၁၀)

# မိုးစပါးထွန်ယက်ရန် စတုတ္ထအကြိမ်စက်သုံးဆီဖြန့်ဖြူးရောင်းချပေး



ဘားအံ မေ ၂၁

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား မိုးစပါးထွန်ယက်ရန်အတွက် စတုတ္ထအကြိမ်စက်သုံးဆီဖြန့်ဖြူးရောင်းချပေးခြင်းကို မေလ ၂၀ ရက်နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် DENKO 2 ဆီဆိုင်၌ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါစက်သုံးဆီများဖြန့်ဖြူးရောင်းချပေးရာတွင် ကျေးရွာ ၁၉ ရွာရှိ တောင်သူ ၃၈၀ ဦးအတွက် တစ်ဦးလျှင် စက်သုံးဆီ ၅ ဂါလန်နှုန်းဖြင့် စက်သုံးဆီဂါလန် ၁၉၀၀ အား ရောင်းချပေးသည်။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ယခုချိန်ထိ တောင်သူလယ်သမားများအတွက်စက်သုံးဆီ ဓာတ်ဆီ၊ ဒီဇယ်စုစုပေါင်းဂါလန် ၈၀၀၀ ခန့်အား ဘားအံမြို့ရှိစက်သုံးဆီအရောင်းဆိုင်များမှ အလှည့်ကျဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

နိုင်ထွန်း

# ကော့ကရိတ်မြို့နယ်အတွင်းရှိ တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်

ကော့ကရိတ် မေ ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများတစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေရန် ၁၀ မျိုး ၁၀ ပေါင်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကော့ကရိတ်မြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာတက်ရောက်လာကြသည့် သက်ဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်ချက်များ၊ နည်းပညာများ၊ ရင်းနှီးစိုက်ပျိုးစရိတ်ချေးငွေလိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရန်နှင့်လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မျိုးစေ့ပေးအပ်ပွဲတက်ရောက်လာသည့် တောင်သူ ၅၀ ဦးတို့အား တစ်ဦးလျှင် ဟင်းသီးဟင်းရွက်မျိုးစေ့ ထုပ် ၁၂ ထုပ်စီပေးအပ်သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး၊ ခေတ္တခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြောင်း သိရသည်။ (၄၀၆)

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၁

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

ပညာရေးဝန်ကြီးဌာန

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် | ၂၀၂၆ ခုနှစ်၊ မေလ (၂၅)ရက်နေ့မှ မေလ (၃၁)ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

“အသိပေးကြေညာချက်”

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

# ကလောမြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ် အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူ

ကလော မေ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ်ပညာရေးမှူးရုံးရှေ့၌ ပညာရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် အသိပညာပေးလှုပ်ရှားမှုအဖြစ် “နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”ဆောင်ပုဒ်ပါဝင်သည့် မြေစိုက်ပိုစတာကို မေလ ၂၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက စိုက်ထူကြသည်။

အဆိုပါမြေစိုက်ပိုစတာအား ကလောခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့ဦးဆောင်၍ မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းများ၊ ကျောင်းအုပ်၊ဆရာ၊ဆရာမကြီးများ၊ ဖိတ်ကြားထားသည့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့တို့က စိုက်ထူကြပြီး “နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံကြပါစို့” ဆောင်ပုဒ်ပါ မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်များပက်ဖျန်း၍ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ကလောမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှုများကို ၂၀၂၆ ခုနှစ် မေလ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားကြောင်းနှင့် ဇွန်လ ၁ ရက်မှစ၍ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

# ကျောက်မြောင်းမြို့၌ မြေပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးမည်

ကျောက်မြောင်း မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မြေပဲ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲ၌ မြေပဲ ၁၂၈၆၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုအချိန်တွင် မြေပဲစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများထွန်ယက်လျက်ရှိသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မြေပဲကို ဒီလထဲမှာစိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်” ဟု ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းကပြောသည်။

ကျောက်မြောင်းမြို့နယ်ခွဲ၌ စိုက်ပျိုးမည့် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေနေပြည်တော် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကျင်းပ

နေပြည်တော် မေ ၂၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေနေပြည်တော် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း မြို့မဈေးအနီး၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးမှူး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ၂၀၂၆-၂၀၂၇ပညာသင်နှစ် **"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"** ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရေပန်းဥယျာဉ်မုခ်ဦးအနီး ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူပွဲသို့တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**





# ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)သို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်





နေပြည်တော် မေ ၂၁

ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးမြို့တော်ဝန်တို့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းတစ်ခုလုံးကို လွှမ်းခြုံသည့် ဒစ်ဂျစ်တယ်နည်းပညာနှင့် ပတ်သက်သော Conceptual Plan နှင့် Master Plan များ စနစ်တကျရေးဆွဲတင်ပြနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရတနာပုံဆိုက်တာစီးတီး စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က စီမံကိန်းလုပ်ငန်းများရည်မှန်းချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာစေရန် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မြန်မာနိုင်ငံတွင် Operating System နှင့် Software များ အမှီအခိုကင်းစွာ ထုတ်လုပ်နိုင်ရေး နှင့်စပ်လျဉ်း၍ ဆွေးနွေး



နေပြည်တော် မေ ၂၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ရောက်ရှိနေသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့ညနေပိုင်းက Digitalization of Industrial Russia 2026 ဖိုရမ်တွင် ခင်းကျင်းပြသထားသော ပြခန်းများအား သွားရောက်ကြည့်ရှုလေ့လာသည်။

အဆိုပါပြခန်းများတွင် ရုရှားနိုင်ငံမှ နည်းပညာကုမ္ပဏီများက လူမှုစီးပွားဘဝကဏ္ဍစုံတွင် ဉာဏ်ရည်တုနည်းပညာ၊ ဇီဝအချက်အလက်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေးနည်းပညာများ အသုံးပြုဆောင်ရွက်နေမှု၊ ဆက်သွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများ ကိုယ်တိုင်ထုတ်လုပ်နေမှု၊ အသုံးပြုသည့် ပစ္စည်းများနှင့် ဆက်စပ် Application များကို ရာနှုန်းပြည့် ရုရှားနိုင်ငံ၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ Digital Twin နည်းပညာကို မော်စကိုမြို့၏ မြို့ပြစီမံခန့်ခွဲမှုတွင် အသုံးပြုဆောင်ရွက်နေမှု၊ ဇီဝအချက်အလက်နည်းပညာကို နယ်ပယ်စုံတွင် အသုံးချဆောင်ရွက်နေမှုကို ခင်းကျင်းပြသထားသည်။

ထို့နောက် Astra Group ကုမ္ပဏီ၏ ပြခန်း၌ ပြည်ပမှီခိုမှုကင်းသော Operating System ၊ ဆိုက်ဘာလုံခြုံရေးနှင့် အချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ Application များ၊ နည်းပညာဆိုင်ရာ ပစ္စည်းများနှင့် Software များအကြောင်းကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် Astra Group ကုမ္ပဏီနှင့် ဆွေးနွေးပွဲပြုလုပ်ရာ မြန်မာနိုင်ငံတွင် Operating System နှင့် Software များ အမှီအခိုကင်းစွာ ထုတ်လုပ်နိုင်ရေးအတွက် Astra Group ကုမ္ပဏီမှ နည်းပညာပိုင်းဆိုင်ရာ အကူအညီအထောက်အပံ့ပေးနိုင်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပိုင်းဆိုင်ရာသုတေသနပြုအကောင်အထည်ဖော်နိုင်ရေးအတွက် Moscow Technical University of Communications and Informatics (MTUCI) နှင့် Naypyitaw State Polytechnic University (NSPU) တို့အကြား နားလည်မှုစာချွန်လွှာရေးထိုး၍အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## ၂၁-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေဒင်္ဂါး ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၆°C | / ၃၇°C |
| ရန်ကုန် | ၂၄°C | / ၃၇°C |
| မန္တလေး | ၂၇°C | / ၃၉°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂/ ၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာဂုဏ်ပြုကြိုဆို




သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ အိုးစည်ဒိုးပတ်များဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။





သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဂုဏ်ပြုပန်းကုံးများ အောင်သပြေခက်များဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

**နေပြည်တော် မေ ၂၁**

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးခဲ့သော ပြည်သူ့စစ်မှုထမ်းများကို သင်တန်းအမှတ်စဉ်များအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အဆိုပါ နိုင်ငံ့သားကောင်းရတနာများသည်တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိကြသည်။

ထိုသို့ တပ်ရင်း/တပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မေလ ၁၈ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဖြင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် ပြည့်စုံလျက်ရှိပြီး ၎င်းတို့၏မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား မိသားစုဝင်များနှင့်ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့်ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့်၎င်းတို့အပေါ် မိသားစုနှင့်ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာ ကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ယခုကဲ့သို့တွေ့မြင်ရပါသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့်တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့်အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့မဟုတ်) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကိုရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများတို့နှင့်ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာပူးပေါင်းပါဝင်၍ တပ်မတော်နှင့်ပြည်သူတစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့်တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ASEAN Chiefs of Defence Forces Meeting – 23rd ACDFM) ပူးတွဲကြေညာချက်ကို အတည်ပြုလက်မှတ်ရေးထိုးစဉ်။

**● ကျောဖုံးမှအဆက်**

ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အင်ဒိုနီးရှားအမျိုးသားတပ်မတော်စစ်ဦးစီးအရာရှိချုပ် General Agus Subiyanto နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ လာအိုပြည်သူ့တပ်မတော်ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Dato Seri Haji Malek Razak bin Sulai Man နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဖိလစ်ပိုင်တပ်မတော်မှစစ်ဦးစီးချုပ် General Romeo Saturnino Brawner Jr နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Vice Admiral AaronBeng Yao Cheng နှင့်ကိုယ်စားလှယ်အဖွဲ့များ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukirs Boontanondha နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ တီမောလက်စ်တေတပ်မတော်စစ်ဦးစီးအရာရှိချုပ် Lieutenant General Domingos Raul နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးအရာရှိချုပ် General Nguyen TanCuong နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ACDFM) ဥက္ကဋ္ဌ ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၂၃) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး(23rd AMIM) ဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်တပ်မတော် (ကြည်း၊ ရေ၊ လေ) ထောက်လှမ်းရေးအရာရှိချုပ် Major General Benedict D.Balaba နှင့် (၁၆)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (16th AMOM) ဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်ဆင်ရေးအရာရှိချုပ် Major General Elmer B Suderio တို့က အစည်းအဝေးများကျင်းပခဲ့မှုအစီရင်ခံစာရလဒ်များကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံတပ်မတော်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက “မိမိတို့၏ အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)” ခေါင်းစဉ်အပေါ် အမြင်များအား နိုင်ငံအက္ခရာစဉ်အလိုက် အလှည့်ကျဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဆွေးနွေးရာတွင် မိမိတို့ အာဆီယံအဖွဲ့ကြီးသည် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ ခိုင်မာသည့် အခြေခံစည်းမျဉ်းများနှင့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် စည်းလုံးညီညွတ်စွာ ဖွဲ့စည်းထားသည့်အဖွဲ့တစ်ခုဖြစ်ပြီး မိမိတို့အာဆီယံတပ်မတော်များသည်လည်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အနာဂတ်လုံခြုံရေးတို့အတွက် စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်တိုးတက်စေရန် အဓိကထားလုပ်ဆောင်လျက်ရှိကြောင်း၊ ယခုနှစ်အစည်းအဝေး၏ဆောင်ပုဒ်ဖြစ်သည့် **“မိမိတို့၏ အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)”** သည် မိမိတို့အာဆီယံတပ်မတော်များ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသောအခြေအနေများနှင့် လွန်စွာကိုက်ညီမှုရှိသည့်အပြင် မဟာဗျူဟာမြောက် လိုအပ်ချက်တစ်ခုလည်းဖြစ်သည်ကိုတွေ့ရှိရပြီး အာဆီယံ၏ အဓိကရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို တွန်းအားပေးမီးမောင်းထိုးပြလျက်ရှိကြောင်း။

လက်ရှိအချိန်တွင် အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံတစ်နိုင်ငံအား စစ်ရေးနည်းလမ်းဖြင့် ကျူးကျော်ခြင်းထက် အဆိုပါနိုင်ငံအားလွှမ်းမိုးချုပ်ကိုင်နိုင်ရေးအတွက် ထောက်ပံ့ကူညီပေးမှုများမှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေး စသည့်အသွင်မျိုးစုံဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိကြောင်းကိုတွေ့ရှိရကြောင်း၊ အထူးသဖြင့် အင်အားကြီးနိုင်ငံအချို့သည် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံငယ်များအား ၎င်းတို့၏လွှမ်းမိုးမှုအောက်သို့ရောက်ရှိစေရန် နိုင်ငံရေး၊ စီးပွားရေးအရ လွှမ်းမိုးမှုမှသည် စစ်ရေးအရလွှမ်းမိုးနိုင်ရေးအတွက် မဟာမိတ်အုပ်စုများဖွဲ့စည်းပြီး စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လာသည်အထိ အပြိုင်ကြိုးပမ်းလုပ်ဆောင်လာလျက်ရှိကြကြောင်း။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့်ရွေးကောက်ပွဲအား အောင်မြင်

❖ **လက်ရှိအချိန်တွင် အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံတစ်နိုင်ငံအား စစ်ရေးနည်းလမ်းဖြင့် ကျူးကျော်ခြင်းထက် အဆိုပါနိုင်ငံအား လွှမ်းမိုးချုပ်ကိုင်နိုင်ရေးအတွက် ထောက်ပံ့ကူညီပေးမှုများမှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေးစသည့် အသွင်မျိုးစုံဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိကြောင်းကိုတွေ့ရှိရ၊ အထူးသဖြင့် အင်အားကြီးနိုင်ငံအချို့သည် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံငယ်များအား ၎င်းတို့၏လွှမ်းမိုးမှုအောက်သို့ရောက်ရှိစေရန် နိုင်ငံရေး၊ စီးပွားရေးအရလွှမ်းမိုးမှုမှသည် စစ်ရေးအရလွှမ်းမိုးနိုင်ရေးအတွက် မဟာမိတ်အုပ်စုများဖွဲ့စည်းပြီး စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်လာသည်အထိ အပြိုင်ကြိုးပမ်းလုပ်ဆောင်လာလျက်ရှိ . . .**

❖ **မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့်ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကိုလက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတစ်ရပ်ပေါ်ထွက်လာပြီဖြစ် . . .**

## မိုးစပါးနှင့်အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြော

**နေပြည်တော်  မေ  ၂၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည်ရက် ၁၀၀ စီမံချက်ဖြင့် မိုးစပါးအပါအဝင် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းက ရွာက်ကုန်းဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းထွန်းက ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ အထွက်နှုန်းတိုးတက်ရေး၊ မျိုးစေ့ကုန်ကျမှုသက်သာသည့် အစေ့ချကိရိယာအသုံးပြုရေး၊ ဒေသရေမြေနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာတွဲဖက်အသုံးပြုရေး၊ လိုအပ်သည့်ပိုးသတ်ဆေးစနစ်တကျသုံးစွဲတတ်ရေး၊ သီးနှံအထွက်နှုန်းမထိခိုက်စေသည့် ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်သည့် နည်းလမ်းများလိုက်နာကျင့်သုံးရေး၊ တောင်သူများအနေဖြင့် သဘာဝမြေဆွေးပြုလုပ်သုံးစွဲတတ်စေရေး အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာကြသည့် စိုက်ပျိုးရေးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်းသိရသည်။ (၄၀၂)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❖ **မိမိတို့နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကိုပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက်ဖော်ဆောင်သွားမည်ကို ထပ်လောင်းပြောကြားလို . . .**

❖ **“မိမိတို့၏ အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future,Together)”နှင့်အညီ အနာဂတ်ကာလတွင် မိမိတို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း တည်ငြိမ်ရေးနှင့်လုံခြုံရေးတို့အတွက် မိမိတို့မြန်မာ့တပ်မတော်အနေဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲ၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွား မည်ဖြစ် . . .**

စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတစ်ရပ် ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ထို့အတူ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးခရီးလမ်းခိုင်မာစေရန် နိုင်ငံတော်နှင့်ကိုက်ညီသည့် ဒေသအခြေခံဖက်ဒရယ်စနစ်ကို ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ပြီး အမျိုးသားအကျိုးစီးပွား လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်မှုယန္တရားပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ကို အသိပေးပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ (၁၆) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (16th ASEAN Military Operations Meeting –16th AMOM)ကို Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်စဉ်။



တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တတိယအကြိမ် အာဆီယံစစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအသိုက်အဝန်းခေါင်းဆောင်များ ညီလာခံ (AMICLC–3)နှင့်(၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (23rd ASEAN Military Intelligence Meeting – 23rd AMIM) များကို Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်စဉ်။

ရင်းနှီးမှုကိုပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက် ဖော်ဆောင်သွားမည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လုံခြုံရေးတို့အတွက် အခြေခံအုတ်မြစ်သည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ လုံခြုံမှုပတ်ဝန်းကျင်အပေါ်မူတည်လျက်ရှိသဖြင့် အနာဂတ်တွင် ဒေသတွင်းတည်ငြိမ်မှုခိုင်မာအားကောင်းလာစေရန်နှင့် နက်နဲရှုပ်ထွေးသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ အတူလက်တွဲ ကျော်လွှားတုံ့ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး၏ဆောင်ပုဒ်ဖြစ်သော **“မိမိတို့၏ အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)”**နှင့်အညီ အနာဂတ်ကာလတွင်မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက်မိမိတို့မြန်မာ့တပ်မတော် အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူလက်တွဲ၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အခိုင်အမာ ပြောကြားလိုကြောင်း။

ထို့အတူ အာဆီယံဒေသအတွင်းရှိပြည်သူများ၏ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ရင်းနှီးချစ်ကြည်မှုများကို အခြေခံကာ တည်ငြိမ်အေးချမ်း၍ လုံခြုံမှုရှိသည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရန် မိမိတို့ အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံတပ်မတော်များအနေဖြင့် စည်းလုံးညီညွတ်စွာ အတူလက်တွဲဆောင်ရွက်သွားနိုင်ပါစေကြောင်း ဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ ၂ နှစ်လုပ်ငန်းစီမံချက်(၂၀၂၆–၂၀၂၈) Two Years Activity Work Plan (2026–2028) အားအတည်ပြုခြင်း၊ 23rd ASEAN Chiefs of Defence Forces Meeting (23rd ACDFM) ၏ ပူးတွဲထုတ်ပြန်ကြေညာချက် Joint Statement အား အတည်ပြုခြင်းများကိုဆောင်ရွက်ကြပြီး ပူးတွဲကြေညာချက်ကို အတည်ပြုလက်မှတ်ရေးထိုးကြကာ တက်ရောက်လာကြသည့် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် 23rd ASEAN Chiefs of Defence Forces Meeting (23rd ACDFM) ဥက္ကဋ္ဌ ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က လွှဲပြောင်းပေးအပ်မှု မိန့်ခွန်းပြောကြားပြီး 24th ASEAN Chiefs of Defence Forces Meeting(24th ACDFM) ဥက္ကဋ္ဌကို အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး၏ အလံ (ASEAN Flag) ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှဲပြောင်းလက်ခံမှုမိန့်ခွန်းပြောကြားပြီး ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က နှုတ်ခွန်းဆက် အပိတ်မိန့်ခွန်းပြောကြားကာ အစည်းအဝေးအောင်မြင်စွာပြီးစီးခဲ့သည်။

အလားတူ ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၆) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (16th ASEAN Military Operations Meeting –16th AMOM)ကို မေလ ၁၉ ရက်နေ့တွင်ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကလည်းကောင်း၊ တတိယအကြိမ် အာဆီယံစစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအသိုက်အဝန်းခေါင်းဆောင်များညီလာခံ (AMICLC–3) နှင့် (၂၃) ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (23rd ASEAN Military Intelligence Meeting – 23rd AMIM) များကို မေလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်ပြုလုပ်ရာ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကလည်းကောင်း Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပြီး အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်များကို ပိုမိုခိုင်မာစေအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၂-၅-၂၀၂၆ (သောကြာနေ့)**

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
၃။ ၀၈:၄၀ စိုက်ပျိုးသုတ
၄။ ၀၉:၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅။ ၁၀:၅၀ ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း
၆။ ၁၁:၄၅ Sport Review
၇။ ၁၂:၁၅ လေးစားအတုယူစံနမူသူရဲကောင်းများ
၈။ ၁၃:၅၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၉။ ၁၄:၃၅ ပန်းပေါင်းစုံစွာအနုပညာ
၁၀။ ၁၅:၁၅ မြန်မာသံစဉ်ချိုနားဝင်
၁၁။ ၁၆:၅၀ တစ်ပတ်အတွင်းစာပေနှင့်အနုပညာသတင်း
၁၂။ ၁၇:၃၀ သီချင်းလက်ဆောင်
၁၃။ ၁၈:၂၀ မွေးမြူသုတ
၁၄။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မောင်ဘစီ သရုပ်ဆောင်–မေသဥ္ဇာဦး၊ မင်းသူ၊ နေရောင် ဒါရိုက်တာ–တင်အောင်စိုး (ပန်းမြို့တော်)**
၁၅။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

**နံနက်စောစော နေရောင်ခြည်သည် အရိုးအဆစ်များကို သန်မာစေနိုင်သည်။**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Central Committee and Work Committees for Convening Parliamentary Sessions Coordination Meeting (1/2026) held



Speaker of Pyidaungsu Hluttaw U Aung Lin Dway gives a speech at the meeting.

NAY PYI TAW May 21

The coordination meeting (1/2026) of the Central Committee and Work Committees for Convening Parliamentary Sessions was held this afternoon at the Zabu Thiri Hall meeting room within the parliamentary complex in Nay Pyi Taw, aimed at ensuring the successful convening of the second regular sessions of the third-term Union-level parliaments.

The meeting was attended by the Patron of the Central Committee for Convening Parliamentary Sessions and Speaker of the Pyidaungsu Hluttaw U Aung Lin Dway, Central Committee Chairman Jeng Phang Naw Taung, Vice Chairman U Maung Maung Ohn, Union Ministers, the Chairman of the Nay Pyi Taw Council, members of the Central Committee and Work Committees, and officials from respective parliaments.

First, the Patron of the Central Committee for Convening Parliamentary Sessions delivered an opening speech. He stated that the Office of the Pyidaungsu Hluttaw has announced a parliamentary calendar proposing the second regular session and third regular session to be held between June 2 and December 31, and has notified relevant organizations in advance. Invitation letters for the second regular sessions of the Pyidaungsu Hluttaw, Pyithu Hluttaw, and Amyotha Hluttaw have already been sent to parliamentarians. Parliamentarians have been requested to arrive in Nay Pyi Taw no earlier than May 30 and no later than May 31.

The Accommodation and Placement Committee must coordinate with relevant offices, departments, and organizations to ensure proper building conditions, clean drinking water, and readily available supplies so that parliamentarians can stay safely and comfortably upon their arrival in Nay Pyi Taw. The Security Committee must systematically ensure security both inside and outside the parliamentary compound, at the accommodation sites of parliamentarians, including vehicle convoys, during both session and recess periods.

The Committee on Communications, Audio Systems, and Voting Buttons must ensure that communication lines, including audio and video systems in each parliament, are functioning properly. The Health and Food Safety Committee must provide healthcare services at the collective accommodation sites for parliamentarians and ensure that drinking water and food are hygienic.

Similarly, the Transport Committee must oversee and facilitate travel arrangements for parliamentarians from their respective constituencies to Nay Pyi Taw and back, as well as transportation from their collective accommodations to the parliament buildings.

The Ceremonies Preparation Committee must ensure well-maintained urban, water, sanitation, electrical, and communication lines within the parliamentary compound, high-quality broadcast, radio, and television operations, and the cleanliness, orderliness, and aesthetic upkeep of the parliamentary buildings and premises, including repair and maintenance tasks.

The Information Committee must manage the recording and broadcasting of parliamentary sessions on television, ensure proper functioning of television equipment, facilitate systematic and convenient newsgathering for domestic and international media by issuing media cards, and maintain audiovisual equipment. Additionally, the Ministry of Information shall take the lead, in cooperation with the Myanmar Press Council and the foreign correspondents club based in Myanmar, to ensure that newsgathering within the parliament follows established rules and procedures systematically.

Similarly, he stressed the need to systematically ensure uninterrupted electricity supply within the Hluttaw premises and meeting halls during Hluttaw sessions, as well as to prevent power disruptions affecting communication systems and electronic voting machines. He also urged the Central Committee and Working Committees participating in the meeting to cooperate closely within their respective sectors to ensure the successful convening of the Second Regular Session of the Hluttaw.

He stated that the successful convening of the third First Regular Session under the leadership of the Chairman and Vice Chairman of the Central Committee was the result of the collective unity and family spirit demonstrated by all committee members. He also noted that healthcare services for Hluttaw representatives had been provided promptly and with great care.He said that the Hluttaw sector would become more active during the upcoming Second Regular Session through discussions on bills and starred questions, emphasizing the need to further improve the audio system. As the session coincides with the new government's 100-day plan period, he stressed that the government and the Hluttaw must work together in a balanced and coordinated manner. He also called for systematic preparations regarding accommodation and healthcare arrangements for arriving Hluttaw representatives, and urged committee members to uphold the strengths and positive practices of previous sessions while continuing to work together in unity and an organized manner.

Then, the Secretary of the Central Committee briefed attendees on the coordinated activities carried out by the working committees during the First Regular Session and the preparations being made to ensure the successful convening of the Second Regular Session.

The Patron of the Central Committee reviewed, discussed, and concluded the presentations made by officials from the working committees attending the meeting regarding the arrangements being carried out in their respective sectors to ensure the successful convening of the Second Regular Session.

Then, the Patron of the Central Committee and his delegation visited Nay Pyi Taw City Development Committee Guesthouse (2) and inspected the arrangements made to ensure the comfortable and secure accommodation of Hluttaw representatives. During the inspection, they reviewed the provision of one room for each representative, food and beverage services, fire prevention and safety measures, television and reading rooms arranged to provide daily news and knowledge, and healthcare clinics prepared to respond to any health emergencies. The Patron gave necessary instructions based on the observations made during the inspection.

**Myawady**

►► From Page - 21

and had documentary photos taken with the ASEAN Chiefs of Defence Forces.

The Chief of Staff of the Armed Forces of the Philippines who chaired the 23rd ASEAN Chiefs of Defence Forces Meeting (23rd ACDFM) delivered a handover speech and handed over the ASEAN Flag and Chairmanship responsibilities of the 24th ASEAN Chiefs of Defence Forces Meeting (24th ACDFM) to the Chief of Defence Force of the Singapore Armed Forces (SAF).

The Chief of Defence Force of the Singapore Armed Forces delivered a speech of accepting the chairmanship responsibilties and the Chief of Staff of the Armed Forces of the Philippines gave a concluding remark.

Likewise, the 16th ASEAN Military Operations Meeting-16th AMOM took place on 19 May, attended by a delegation led by Chief of Staff (Army) Lt-Gen Than Htaik of the Office of the Commander-in-Chief (Army) and the 3rd ASEAN Military Intelligence Community Leaders' Conference (AMICLC-3) and the 23rd ASEAN Military Intelligence Meeting-23rd AMIM by Chief of Military Affairs Security Lt-Gen Kyaw Ko Htaik and party on 19 and 20 May through video conferencing. Commitments to strengthening relations and enhancing cooperation among ASEAN armed forces have been further solidified. **100**

# Convoys of foodstuffs, consumer products, construction materials for Hakha residents gratefully greeted





Local residents greet a convoy carrying relief assistance in Hakha.





A convoy carrying relief assistance leaves for Hakha.



A convoy carrying relief assistance arrives in Hakha.

NAY PYI TAW May 21

In order to enable the public to live peacefully, the Tatmadaw has been launching counter-terrorism operations in areas temporarily controlled and terrorized by terrorist insurgents in cooperation with the public and retaking towns and villages phase by phase, reopening important communication routes, allowing local residents who were displaced by terrorists, resuming government administration functions to restore socio-economic development of local people and improving food and living conditions and rehabilitation in cooperation with the government.

As the Tatmadaw has been able to retake Falam and Tonzang towns in Chin State temporarily controlled by terrorist insurgents, it has now reopened the Hakha-Falam-Tedim-Tonzang-Kyikha route and the Kale-Tyngngn-Falam-Hakha route. Therefore, temporarily displaced local residents have begun to return home and motor vehicles and motorcycles carrying basic foodstuffs, consumer products, construction materials needed for urban rehabilitation and other relief items necessary for them arrived in Falam on 20 May.

The vehicles carrying the assistance, together with departmental staff, proceeded to Hakha today and will carry out tasks to improve the food, clothing and shelter needs of local residents, to distribute school texts and stationery in time before the academic year and to fulfill medical needs for healthcare services and others.

The convoy and departmental staff arrived in Hakha this evening and were greeted by township officials and local residents with traditional drum troupes, victorious sprigs of Eugenia and garlands.

During the temporary control of the Kale-Tyngngn-Falam-Hakha route, local residents in Hakah bore the brunt of shortages of foodstuffs and consumer products, disrupted commodity flows, health issues due to difficulties in transport of medicines and medical equipment resulted from transportation problems and economic losses due to disrupted trade of local products.

At present, plans are underway to distribute basic foodstuffs and consumer products to local residents through responsible officials and the traffic of passenger and freight vehicles has returned to normal along the Kale-Tyngngn-Falam-Hakha route.

The government has been carrying out tasks for national development and high education standards of the people consistently and the Tatmadaw, under the guidance of the government, has been taking measures for regional stability and socio-economic development day or night, enabling local residents to bear witness to and appreciate the essence and benefits of stability and security and to express their gratitude to the government and the Tatmadaw for normalizing the local economy, healthcare and education of student youths. **100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Nuclear triad should serve as guarantor of sovereignty of Union State - Putin



MINSK May 21

Given rising tensions globally and new threats and risks, the nuclear triad must serve as a guarantor of the sovereignty of the Union State of Russia and Belarus, Russian President Vladimir Putin said on Thursday.

"With increasing global tensions and new threats, our nuclear triad must continue to reliably protect the sovereignty of the Union State of Russia and Belarus, address strategic deterrence, keep nuclear balance, and maintain power balance worldwide," Putin said, as quoted by the Belta news agency.

Russia's nuclear triad will remain at the required sufficiency level, Vladimir Putin said.

"Our nuclear triad will remain at the required sufficiency level," Putin said in his closing remarks at the nuclear force exercise.

Russia is working on the development of a nuclear triad as planned, and everything is working out, Putin added.

**Sputnik**

# China-Russia trade up 19.7 pct in January-April



BEIJING May 21

Trade volume between China and Russia has surged 19.7 percent year on year to reach 85.2 billion U.S. dollars during the January-April period, marking a good start to this year, the Ministry of Commerce (MOC) said Thursday.

He Yadong, spokesperson for the MOC, revealed at a press briefing that the annual trade volume between the two countries has exceeded 200 billion U.S. dollars for three consecutive years.

The MOC and relevant Russian authorities have signed cooperation documents on trade and support for multilateralism, He said, adding that the two sides will continue to strengthen communication on economic and trade policies, leverage new quality productive forces to create fresh engines for growth, and upgrade trade in goods and services.

As the upgraded China-Russia agreement on promotion and reciprocal protection of investments has officially come into effect, investment and cooperation of industrial and supply chains between the two countries is set to see continuous improvements with deepening sub-national cooperation, He said.

The MOC will earnestly implement the important consensus reached by the two heads of state, and work to elevate bilateral economic and trade cooperation, the spokesperson said.

The two countries will also enhance coordination in multilateral and regional affairs, jointly contributing to a fair and reasonable international economic order, He added.

**Xinhua**

# 8 miners killed in attack by armed separatists in eastern Indonesia

JAKARTA May 21

Eight gold miners were killed in an attack by armed separatist fighters in Yahukimo Regency, Indonesia's Highland Papua Province, on Wednesday, according to a statement issued by the Indonesian military on Thursday.

Military spokesperson Wirya Arthadiguna said the victims were civilians engaged in gold panning activities in the Korowai area, rejecting claims by the West Papua National Liberation Army (TPNPB) that those killed were undercover security personnel.

The TPNPB claimed the attack, describing it as a retaliatory operation following the deaths of two of its members last week.

Wirya said the security situation remained under control, although the area continued to pose security challenges.

"The eight victims were ordinary civilians, not security personnel," he said, condemning the killings as a serious violation of law and human rights.

Papua, which shares an island with Papua New Guinea, has long experienced separatist unrest, with armed groups carrying out attacks targeting civilians as well as security forces.

**Xinhua**

# Pakistani Prime Minister to visit China on May 23-26 - Chinese Foreign Ministry

BEIJING May 21

Pakistani Prime Minister Shehbaz Sharif will pay an official visit to China from May 23-26, Chinese Foreign Ministry spokesman Guo Jiakun said on Thursday.

"At the invitation of Premier of the State Council Li Qiang, Pakistani Prime Minister Shehbaz Sharif will pay an official visit to China from May 23 to 26," Guo told a briefing.

Sharif is expected to hold separate meetings with Chinese President Xi Jinping and with Li during the visit, the spokesman said.

"The leaders of the two countries will conduct an in-depth exchange of views on bilateral relations and issues of mutual interest, and will outline the course for the development of China-Pakistan relations under new conditions," the diplomat added.

The spokesman also said that Sharif will attend a reception marking the 75th anniversary of the establishment of diplomatic relations between China and Pakistan, and will also visit an eastern province of Zhejiang.

**Sputnik**

# 'Energy tsunami' to hit Europe – Putin envoy

MOSCOW May 21

Europe is facing an "energy crisis tsunami" following a series of political earthquakes, Kremlin envoy Kirill Dmitriev has warned. The forecast comes as energy shocks caused by the US Israeli war on Iran continue to destabilize supplies across the region.

Since the beginning of the US Israeli military campaign in late February, global crude benchmarks have surged by roughly 50%, forcing retail fuel and wholesale natural gas prices to historic highs. The Middle East conflict has further exacerbated a critical situation in European states, which had already drastically cut Russian energy imports since the 2022 escalation of the Ukraine conflict.

"More to come as the energy crisis tsunami hits the EU/UK imminently," Dmitriev stated on X, responding to a Swedish journalist who noted that Germany's right-wing AfD party was nearly as large as the CDU and SPD combined in the latest poll, calling the shift "a political earthquake."

Traditional mainstream parties across Europe have increasingly lost ground to far-right or center-right coalitions over the past years.

The Iran-related energy shock has pushed the UK to issue a temporary license for Russian-origin diesel and jet fuel imports to stabilize markets shaken by disruptions to navigation through the Strait of Hormuz. The route handles around 20% of global oil and LNG. The decision, announced on Wednesday, mirrored a similar move by the US earlier this week extending a sanctions waiver for limited Russian seaborne oil purchases. Several officials across the EU have called for restoring energy ties with Russia to tackle the crisis. However, the European Commission has stated that there will be no return to Russian energy imports and it will continue to pursue a full phase-out of Russian fossil fuels by 2027.

**RT**

# $23^{rd}$ ASEAN Chiefs of Defence Forces Meeting ($23^{rd}$ ACDFM) held through video conferencing






Commander-in-Chief of Defence Services General Ye Win Oo attends the $23^{rd}$ ASEAN Chiefs of Defence Forces Meeting ($23^{rd}$ACDFM).

NAY PYI TAW May 21

The $23^{rd}$ ASEAN Chiefs of Defence Forces Meeting ($23^{rd}$ ACDFM) was held in the form of video conferencing this morning.

Present at the meeting were a delegation led by Commander-in-Chief of Defence Services General Ye Win Oo of the Myanmar Tatmadaw, Commander of the Royal Brunei Armed Forces (RBAF) Major General Dato Paduka Seri Haji Muhammed Haszaimi bin Bol Hassan and delegation, Commander-in-Chief of the Royal Cambodian Armed Forces General Vong Pisen and delegation, Commander of the Indonesian National Armed Forces General Agus Subiyanto and delegation, Deputy Minister of National Defence and Chief of General Staff of the Lao People's Army (LPA) Lieutenant General Saichay Kommasith and delegation, Chief of the Defence Forces of the Malaysia General Dato Seri Haji Malek Razak bin Sulai Man and delegation, Chief of Staff of the Armed Forces of the Philippines General Romeo Saturnino Brawner Jr and delegation, Chief of Defence Force of Singapore Vice Admiral Aaron Beng Yao Cheng and delegation, Chief of Defence Forces of Thailand General Ukirs Boontanondha and delegation, Chief of Defence Force of the Timor-Leste Lieutenant General Domingos Raul and delegation, and Chief of the General Staff of the Vietnam People's Army and Deputy Minister General Nguyen Tan Cuong and delegation.

Chairman of the $23^{rd}$ ACDFM the Chief of Staff of Philippine Armed Forces gave the opening speech.

Chair of the $23^{rd}$ ASEAN Military Intelligence Meeting (AMIM) Chief of Staff of Intelligence of the Armed Forces of Philippines Major General Benedict D.Balaba and Chair of the $16^{th}$ ASEAN Military Operations Meeting ($16^{th}$ AMOM) Chief of Staff of Operations (Army, Navy and Air) of Philippine Armed Forces Major General Elmer B Suderio read out the reports of their meetings.



General Ye Win Oo takes part in the $23^{rd}$ ASEAN Chiefs of Defence Forces Meeting ($23^{rd}$ ACDFM).

Leaders of the ASEAN armed forces delegations discussed their views on the topic "Securing Our Future, Together" in alphabetical order.

During the discussions, Commander-in-Chief of Defence Services General Ye Win Oo said that since its establishment, ASEAN has been a consolidated institution with firm basic principles and noble objectives. ASEAN armed forces primarily focus on continuously promoting regional peace, stability, development, and future security. He noted that the theme of the meeting, **"Securing Our Future, Together,"** perfectly matches the current situation facing ASEAN armed forces and represents a strategic requirement. Moreover, it spotlights the main objectives and activities of ASEAN.

Rather than applying military means to invade a country, global powers are now approaching nations through political, economic, social, ideological, propaganda, military, and diplomatic channels, using aid and support to exert control. To place weaker countries in the Asia-Pacific region under their domination, certain powers are vying with one another by expanding their political and economic influence, forming alliances, and conducting military drills.

The Republic of the Union of Myanmar has now successfully held a free and dignified election, and Hluttaws comprising elected representatives who will practically implement the will of the people, along with a democratically elected government, have emerged. In order to strengthen the country's journey toward building a democratic nation, efforts to establish a region-based federal system compatible with the country's conditions will continue, while work related to safety of national interest, the rule of law, and administrative reforms will be accelerated. The new government also wishes to reaffirm that it will pursue an independent, active, and non-aligned foreign policy, strengthen existing friendship and cooperation with neighbouring countries and partner countries, and continue to promote regional interests in a balanced manner.

The foundation for regional peace, stability, development, and future security depends on the security environment of each member state. Therefore, in order to strengthen regional stability in the future and address complex and multifaceted challenges, all member states will be able to overcome and respond to them only through unity and cooperation. In line with the theme of today's meeting, **"Securing Our Future, Together"**, it was emphasized that, for the future social development of the peoples of ASEAN member states as well as for regional stability and security, the Myanmar Tatmadaw will actively cooperate and work together with ASEAN member states.

Likewise, the General discussed that ASEAN and the ASEAN armed forces should work together in unity to build a stable, peaceful, and secure community based on the long-standing friendly relations among the peoples within the ASEAN region.

The Two Years Activity Work Plan (2026-2028) of ASEAN Defence Forces was approved. Moreover, the Joint Statement of the $23^{rd}$ ASEAN Chiefs of Defence Forces Meeting ($23^{rd}$ ACDFM) was also affirmed. They signed the joint statement

**See Page - 19►►**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်အတွင်းအွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများနှင့် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်းပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၆၂ ဦးနှင့် အသုံးပြုခဲ့သည့် အဆောက်အအုံများနှင့်လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှုအား မေလ ၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်လုံခြုံရေးပူးပေါင်းအဖွဲ့များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု၊ ဖားငင်ကျေးရွာ၏တောင်ဘက်မိုင်တာ ၄၅၀၀ ခန့်အကွာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၀ ဦးအား Star Link ၁လုံး၊ ဖုန်းမျိုးစုံ ၁၅ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ၁၁ နာရီ ၅၀ မိနစ်ခန့်တွင် အဆိုပါကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသားအမျိုးသား ၉ ဦးနှင့် အမျိုးသမီး ၃ ဦးတို့ကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲခန့်တွင် အဆိုပါကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၅၀၀ ခန့်အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၃၀ ဦး၊ အမျိုးသမီး ၁ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ၁ ဦးတို့အား ဖုန်းမျိုးစုံ ၁၁ လုံးဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း အမျိုးသား ၅၉ ဦး၊ အမျိုးသမီး ၅ ဦး၊ Star Link ၁လုံး၊ ဖုန်းမျိုးစုံ ၂၆လုံး တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်၊ ဖားငင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့်နေရာများပြပုံ။








မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၀ ဦးနှင့်အတူ ဖမ်းဆီးရမိ စတားလင့်(၁)လုံးနှင့် ဖုန်း ၁၅ လုံးအား တွေ့မြင်ရစဉ်။



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသား ၉ ဦး၊ အမျိုးသမီး ၃ ဦးအား တွေ့မြင်ရစဉ်။





မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၀ ဦး၊ အမျိုးသမီး ၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး ၁ ဦးနှင့်အတူ ဖမ်းဆီးရမိ ဖုန်း ၁၁ လုံးအား တွေ့မြင်ရစဉ်။

# နိုဝင်ဘာလတွင် အေပက်ညီလာခံ၌ ပူတင်နှင့် ထရမ့်တို့ တွေ့ဆုံနိုင်ခြေရှိဟုဆို

မော်စကို၊ နိုင်ငံရေး

တရုတ်နိုင်ငံ၌ နိုဝင်ဘာလတွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)ထိပ်သီးအစည်းအဝေး၌ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ အနေဖြင့်တွေ့ဆုံနိုင်ခြေရှိကြောင်း ရုရှားသမ္မတရုံးအကြီးအကဲ ယူရီယူရှာကော့က မေလ ၂၀ ရက်တွင် ပြောသည်။ သို့သော် လက်ရှိအချိန်၌ ဆွေးနွေးပွဲများလုပ်ရန် စီစဉ်ထားခြင်း မရှိသေးကြောင်း ၎င်းကဆက်ပြောသည်။

တရုတ်နိုင်ငံသို့ နှစ်ရက်ကြာ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့သည့် ပူတင်က နိုဝင်ဘာလ ၁၈ ရက်မှ ၁၉ ရက်အထိ ရှန်ဇန်းမြို့၌ကျင်းပမည့် အေပက်ထိပ်သီးအစည်းအဝေးတက်ရန်စီစဉ်ထားသည်ဟု တရုတ်သမ္မတရှီကျင့်ဖျင်ကိုပြောခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့သွားရောက်ခဲ့သည့် ထရမ့်ကလည်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ရည်ရွယ်ထားကြောင်း အရိပ်အမြွက်ပြောထားသည်။ ခေါင်းဆောင်နှစ်ဦးစလုံး တရုတ်နိုင်ငံ၌ရှိနေပါက တွေ့ဆုံမှုတစ်ရပ်ဖြစ်လာနိုင်သော်လည်း လက်ရှိတွင်သဘောတူထားခြင်းမရှိသေးကြောင်းယူရီယူရှာကော့ကဆက်ပြောသည်။ Ref: RT

# တစ်ရက်တည်းတွင် ဧဝရတ်တောင်ထိပ်သို့ တက်ရောက်နိုင်သူ ၂၇၄ ဦးဖြင့်စံချိန်တင်

ခတ္တမန္ဒူ၊ စံချိန်တင်

မေလ ၂၀ ရက် တစ်ရက်တည်းတွင် နီပေါနိုင်ငံဘက်မှနေ၍ ဧဝရတ်တောင်ထိပ်သို့ တက်ရောက်နိုင်သည့် တောင်တက်သမားအရေအတွက် ၂၇၄ ဦးအထိရှိသဖြင့် စံချိန်တင်ကြောင်း တောင်တက်ခရီးသွားလုပ်ငန်းတာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုစံချိန်သည် ၂၀၁၉ ခုနှစ် မေလ ၂၂ ရက်တွင် နီပေါနိုင်ငံဘက်ခြမ်းမှ ဧဝရတ်တောင်ထိပ်သို့ လူ ၂၂၃ ဦး တက်ရောက်နိုင်သည့် ယခင်အမြင့်ဆုံးစံချိန်ကို ကျော်လွန်သွားခြင်းဖြစ်ကြောင်း နီပေါတောင်တက်ခရီးသွားလုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး ရီရှိဘန်ဒါရီက မေလ ၂၁ ရက်တွင်ပြောသည်။ အမြင့် ၈၈၄၉ မီတာရှိသော ဧဝရတ်တောင်သည် နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံ၏ တိဗက်ဒေသကြား နယ်စပ်တွင်တည်ရှိပြီး နှစ်ဖက်စလုံးမှ တက်ရောက်နိုင်ကြောင်းသိရသည်။

Ref: ST

# ရုရှားနှင့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်အဆင်သင့်ရှိဟုဆို



ပေကျင်း၊ နိုင်ငံရေး

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ တရုတ်နိုင်ငံခရီးစဉ်အတွင်းနှစ်နိုင်ငံခေါင်းဆောင်များကြားရရှိထားသော သဘောတူညီချက်များကို အကောင်အထည်ဖော်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် မြှင့်တင်ရန် တရုတ်နိုင်ငံကအသင့်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂိုကျာကွန်းက မေလ ၂၁ ရက်တွင်ပြောသည်။

နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

"နိုင်ငံ့ခေါင်းဆောင်နှစ်ဦးကြား ရရှိထားတဲ့အရေးကြီးသဘောတူညီချက်များကို အကောင်အထည်ဖော်ရန်၊ သမိုင်းဝင်အခွင့်အလမ်းများကို အပြည့်အဝအသုံးချကာ နှစ်နိုင်ငံကြား အပြန်အလှန်ယုံကြည်မှုပိုမိုခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် တရုတ်နိုင်ငံကရုရှားနိုင်ငံနဲ့အတူ လက်တွဲဆောင်ရွက်သွားဖို့အဆင်သင့်ရှိပါတယ်"ဟု ၎င်းကပြောထားခြင်းဖြစ်သည်။

ဆိုက်ဘေးရီးယားစွမ်းအင်-၂ စီမံကိန်းဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံအနေဖြင့် အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်အကျိုးစီးပွားကိုအခြေခံ၍ ရုရှားနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း ဂိုကျာကွန်းကပြောထားသည်ဟုသိရသည်။

Ref: Sputnik

# အီရန်နှင့်ဆွေးနွေးမှုများ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဟု ဒေါ်နယ်ထရမ့်ပြော

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်အစိုးရအနေဖြင့် အီရန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများမှာ နောက်ဆုံးအဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် မှန်ကန်သောအဖြေရရှိရန် ရက်အနည်းငယ်စောင့်ဆိုင်းရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေလ ၂၀ ရက်တွင်ပြောသည်။

အီရန်နှင့်ဆွေးနွေးမှုသည် နောက်ဆုံးအဆင့်သို့ရောက်ရှိနေကာ မည်သို့ဖြစ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင် သဘောတူညီချက်တစ်ခု ရရှိနိုင်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပြင်းထန်သော အရေးယူဆောင်ရွက်မှုအချို့ ပြုလုပ်ရနိုင်ကြောင်း၊ သို့သော် ထိုသို့မဖြစ်လာရန်မျှော်လင့်ကြောင်း သမ္မတထရမ့်က သတင်းထောက်များကို ပြောသည်။

ထို့ပြင် အီရန်နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန် အလျင်စလိုဖြစ်နေခြင်းမရှိကြောင်းနှင့် ဟော်မုရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေးကိုသာ အဓိကထားသည့် ကန့်သတ်ချက်ရှိသော သဘောတူညီချက်ကို စဉ်းစားမည်မဟုတ်ကြောင်း ၎င်းက ပြောထားသည်။ Ref: Xinhua

# ကွန်ဂိုရှိ အီဘိုလာကူးစက်မှုကအစွန်အဖျားမျှသာရှိပြီး ကာကွယ်ဆေးထုတ်လုပ်ရန်ခက်ခဲနိုင်



ဂျီနီဗာ၊ ကျန်းမာရေး

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်ကူးစက်ပျံ့နှံ့မှုသည် လက်ရှိအချိန်အထိတွေ့ရှိထားသည့်အခြေအနေအရ အစွန်အဖျားမျှသာရှိသေးကြောင်းနှင့် ရည်မှန်းထားသည့်သုံးလတာကာလအတွင်း ဘေးကင်း၍ထိရောက်မှုရှိသော ကာကွယ်ဆေးအသစ်ကိုထုတ်လုပ်ရန်ခက်ခဲနိုင်ကြောင်း ကမ္ဘာ့ကာကွယ်ဆေးမဟာမိတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မေလ ၂၁ ရက်တွင်ပြောသည်။

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ ဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်ကူးစက်မှုတွင် လက်ရှိအချိန်အထိ သံသယဖြစ်ဖွယ်လူနာ ၆၀၀ ခန့်နှင့် သေဆုံးသူ ၁၃၀ ကျော်ရှိနေပြီဖြစ်ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ယင်းအခြေအနေကို နိုင်ငံတကာကစိုးရိမ်ရသည့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည်။

လက်ရှိတွင် ကူးစက်မှုအခြေအနေသည် ရေခဲတောင်တစ်ခုကဲ့သို့ဖြစ်ပြီး တာဝန်ရှိသူများမြင်တွေ့နေရသည်မှာ ရေခဲတောင်၏ ထိပ်ဖျားပိုင်းမျှသာဖြစ်ကာ အနီးကပ်ကြည့်ရှုပါက ထိုထိပ်ဖျားပိုင်းသည်ပင် အတော်အတန်ကြီးမားနေကြောင်း မဟာမိတ်အဖွဲ့ဥက္ကဋ္ဌကပြောသည်။ လက်တလောတွင် သံသယလူနာနှင့် သေဆုံးသူမှာ ရာဂဏန်းအထိရှိနေသော်လည်း အမှန်တကယ်အရေအတွက်မှာ ထို့ထက်များပြားနိုင်ကြောင်း ဂျီနီဗာမြို့၌လုပ်သည့်သတင်းစာရှင်းလင်းပွဲတစ်ခုတွင်၎င်းကပြောထားသည်။

Ref: ST

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ တစ်ပတ်အတွင်း ၁၂၇၀၀ အထိမြင့်တက်

စင်ကာပူ၊ ကျန်းမာရေး

စင်ကာပူနိုင်ငံ၌ မေလ ၁၀ ရက်မှ ၁၆ ရက်အထိ တစ်ပတ်တာကာလအတွင်းမှာပင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေသည် ၁၂၇၀၀ အထိမြင့်တက်လာကြောင်း၊ ထိုပမာဏသည် မေလ ၃ ရက်မှ ၉ ရက်အထိ တစ်ပတ်အတွင်းရောဂါကူးစက်သူဦးရေ ၈၀၀၀ ထက် သိသိသာသာမြင့်တက်လာခြင်းဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက မေလ ၂၁ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် အလားတူကာလအတွင်းမှာပင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရသူအရေအတွက်သည် ၅၆ ဦးမှ ၇၃ ဦးအထိ မြင့်တက်လာကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်သို့ တက်ရသူဦးရေမှာ တစ်ရက်လျှင် တစ်ဦးနှုန်းရှိလာကြောင်း ကူးစက်ရောဂါများဆိုင်ရာ အေဂျင်စီက ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၌ကူးစက်ပျံ့နှံ့နေသော ရောဂါပိုးသည် JN.1 မျိုးကွဲမှဆင်းသက်လာသော NB.1.8.1 မျိုးကွဲဖြစ်ကြောင်း၊ ယခုကဲ့သို့ကူးစက်မှုများဖြစ်ပွားရခြင်းက ပြည်သူများ၏ကိုယ်ခံအားများ ကျဆင်းလာခြင်းနှင့်အတူ အခြားသောအကြောင်းရင်းများလည်းရှိနေကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ဟု သိရသည်။ Ref: Xinhua



# အစိုးရရဲ့လုပ်ဆောင်ချက်နဲ့ ကံတရားရဲ့ဖေးမမှုလိုအပ်နေတဲ့ အမေရိကန်လယ်သမားများ



လယ်သမားကြီး စကော့အာဘက်တစ်ယောက် အနောက်တက္ကဆက်ပြည်နယ်ရှိ ခြောက်သွေ့ပြီး အက်ကွဲနေတဲ့ စိုက်ခင်းထဲမှာ ဆောင့်ကြောင့်ထိုင်ရင်း ညှိုးနွမ်းပုညှက်နေတဲ့ဂျုံပင်တွေကို ငေးကြည့်နေရှာပါတယ်။ သူ့လက်တစ်ဖက်လုံး မြုပ်သွားနိုင်လောက်အောင် ဟာလာဟင်းလင်းဖြစ်နေတဲ့ မြေကြီးအက်ကွဲကြောင်းကြီးထဲလက်နှိုက်ကြည့်ရင်း သူဟာစိတ်ပျက်လက်ပျက်ဖြစ်နေတာပါ။

ပြီးခဲ့တဲ့ ဆောင်းဦးရာသီတုန်းက အာဘက်ဟာ ဂျုံတွေစိုက်ခဲ့ပါတယ်။ ဒါပေမဲ့ မိုးက တစ်စက်မှမရွာလာတော့ ဂျုံပင်တွေက မြေကြီးပေါ်ကနေတောင် ကောင်းကောင်းထလာကြခြင်းမရှိပါဘူး။ ဒီအချိန်မှာ သူမျှော်လင့်နေတဲ့တစ်ခုတည်းသောအရာကတော့ အာမခံကုမ္ပဏီကတာဝန်ရှိသူတွေ လာစစ်ဆေးပြီး ဒီစိုက်ခင်းကို "လုံးဝပျက်စီးသွားပြီ" လို့ သတ်မှတ်ပေးဖို့ပါပဲ။ ဒါမှသာလာမယ့်လမှာ ရိတ်သိမ်းဖို့အတွက် ဈေးကြီးပေးဝယ်ရမယ့် စက်သုံးဆီဖိုးတွေကို ထပ်ပြီး အကုန်အကျမခံတော့ဘဲ လက်ရှောင်နိုင်မှာမို့လို့ပါ။

အမေရိကန်-အစ္စရေးပူးပေါင်းပြီး အီရန်နဲ့စစ်ပွဲဖြစ်ပွားပြီးတဲ့နောက်ပိုင်း စက်သုံးဆီနဲ့ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာဈေးနှုန်းတွေ မိုးထိအောင်ထိုးတက်သွားတာဟာ တက္ကဆက်၊ ကန်ဆပ်၊ အိုကလာဟိုးမား၊ တောင်ဒါကိုတာနဲ့ နီဘရာစကာစတဲ့ အမေရိကန်လွင်ပြင်ဒေသ ပြည်နယ်တွေက လယ်သမားတွေရဲ့ ဆိုးရွားနေတဲ့ အခြေအနေကို ပိုပြီးတော့ ချောက်ထဲတွန်းချလိုက်သလို ဖြစ်စေခဲ့ပါတယ်။

တကယ်တော့ စစ်ပွဲမဖြစ်ပွားခင်ကတည်းက လယ်သမားတွေဟာ တစ်ကျော့ပြန် ပြန်လည်ဆိုးရွားလာတဲ့ မိုးခေါင်ရေရှားမှုဒဏ်၊ စိုက်ပျိုးရေးသွင်းအားစုစရိတ်ကြီးမားမှုဒဏ်တွေအပြင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးမူဝါဒတွေကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကိုပါ အလူးအလဲခံစားနေရတာပါ။ အဲဒီကုန်သွယ်ရေးမူဝါဒတွေကြောင့် ပြည်ပပို့ကုန်ဈေးကွက်တွေပိတ်ဆို့ကုန်ပြီး သီးနှံဈေးနှုန်းတွေဟာလည်း ထိုးကျသွားခဲ့ရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကုန်ပိုင်းတုန်းက ဟော်မုဇ်ရေလက်ကြားပိတ်ဆို့ခံလိုက်ရစဉ်ကစလို့ စိုက်ပျိုးရေးသုံးဒီဇယ်ဆီဈေးနှုန်းဟာ ၇၂ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့တယ်လို့ ကန်တက်ကီတောင်သူလယ်သမားအသင်းက ဒီလထဲမှာပြုလုပ်ခဲ့တဲ့ အမေရိကန်အထက်လွှတ်တော် စိုက်ပျိုးရေးကော်မတီ ကြားနာပွဲအတွက် ပြင်ဆင်ထားတဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒါ့အပြင် ပင်လယ်ကွေ့ဒေသကနေထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းကလည်း ၅၅ ရာခိုင်နှုန်းအထိတက်သွားပြီး တခြားနိုက်ထရိုဂျင်အခြေခံ ဓာတ်မြေဩဇာတွေဟာလည်း ၃၃ ရာခိုင်နှုန်းအထိ ဈေးတက်သွားတယ်လို့ အဆိုပါ လယ်သမားအဖွဲ့က ဆိုပါတယ်။ အခြေအနေတွေက ဒီလောက်အထိဆိုးဝါးနေပြီး ကုန်ကျစရိတ်တွေမြင့်တက်နေပေမယ့် မိုးခေါင်ရေရှားမှုကြောင့် လယ်သမားတွေဟာ သီးနှံအထွက်နှုန်းနည်းမယ့် အလားအလာနဲ့ ရင်ဆိုင်နေရတာပါ။

အာဘက်ဟာ ဒီလထဲမှာစိုက်ပျိုးမယ့်သီးနှံတွေအတွက် ဓာတ်မြေဩဇာတွေကို ကြိုတင်ဝယ်ယူခြင်းမရှိပါဘူး။ ဈေးနှုန်းတွေက အဆမတန် တက်နေတာရယ်၊ ရာသီဥတုကလည်း ဆိုးဆိုးရွားရွား မိုးခေါင်နေတဲ့အတွက် သီးနှံအထွက်နှုန်း သိသိသာသာလျော့ကျနိုင်ခြေရှိတာရယ်ကြောင့် ဓာတ်မြေဩဇာကို လုံးဝသုံးတော့မှာ မဟုတ်ဘူးလို့ သူကပြောပါတယ်။ "စက်သုံးဆီဈေးကလည်းတက်၊ မိုးကလည်းခေါင်၊ မြေဩဇာဈေးကလည်း ခေါင်ခိုက်နေတာပဲ" လို့ အာဘက်က သူရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို တစ်ခုချင်းစီရေတွက်ရင်းညည်းတွားလိုက်ပါတယ်။ "ကျွန်တော့်မှာ အခက်အခဲသုံးခုစလုံးကို ဒိန်းခနဲရင်ဆိုင်နေရပြီဗျ။ ကျွန်တော်ဒီပွဲမှာအရှုံးနဲ့ထွက်ရပြီလားဗျာ။"

တက္ကဆက်ပြည်နယ်ဟာ အမေရိကန်တစ်နိုင်ငံလုံးမှာဂျုံစိုက်ပျိုးမှု တတိယအများဆုံး၊ နှံစားပြောင်းစိုက်ပျိုးမှုမှာ ဒုတိယနဲ့ ဝါစိုက်ပျိုးထုတ်လုပ်မှုမှာတော့ ပထမအဆင့် ရှိတဲ့ ပြည်နယ်ကြီးတစ်ခုပါ။ အာဘက်စိုက်ပျိုးတဲ့ တူလီယာမြို့အနီးက ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင် ခြောက်သွေ့ပြီးညိုမှိုင်းနေတဲ့ လယ်ကွင်းပြင်တွေပေါ်မှာ လေပြင်းတွေ တိုက်ခတ်နေပါတယ်။ အဲဒီမြေကွက်လပ်တွေထဲမှာ ပြီးခဲ့တဲ့ရိတ်သိမ်းရာသီက ကျန်ရစ်ခဲ့တဲ့ ဖုန်မှုန့်တွေပေကျံနေတဲ့ဝါဂွမ်းဖတ်တွေနဲ့ ခြောက်သွေ့ကြွပ်ဆတ်နေတဲ့ နှံစားပြောင်းရိုးပြတ်တွေပဲ ဟိုတစ်စဒီတစ်စတွေ့ရပါတော့တယ်။

အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) ရဲ့ ထုတ်ပြန်ချက်အရ အမေရိကန်လယ်သမားတွေဟာ ဂျုံသီးနှံထွက်ရှိမှုကို ၁၉၅၇ ခုနှစ်နောက်ပိုင်း အနည်းဆုံးပမာဏအထိ သမိုင်းတင်လောက်အောင် နည်းပါးစွာထွက်ရှိမယ်ဆိုပြီး ခန့်မှန်းထားတယ်လို့ဆိုပါတယ်။ အမေရိကန်အစိုးရက နောက်ဆုံးထုတ်ပြန်ထားတဲ့ မိုးခေါင်မှုစောင့်ကြည့်ရေး (U.S. Drought Monitor) အစီရင်ခံစာအရ အမေရိကန်ပြည်မ ၆၀ ရာခိုင်နှုန်းကျော်၊ လူဦးရေ ၁၅၃ သန်းခန့် နေထိုင်တဲ့ဧရိယာက လက်ရှိမှာမိုးခေါင်ရေရှားမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားနေရတာဖြစ်တယ်လို့တွေ့ရပါတယ်။ ဒါဟာ ၂၀၂၆ ခုနှစ် အစပိုင်းမှာ မိုးခေါင်ရေရှားမှုဒဏ်ကိုခံစားနေရတာက တစ်နိုင်ငံလုံးရဲ့ ၄၃ ရာခိုင်နှုန်းသာရှိခဲ့ရာကနေမြင့်တက်လာတာဖြစ်ပြီး လွန်ခဲ့တဲ့ တစ်နှစ်က ၃၃ ရာခိုင်နှုန်းပဲရှိခဲ့တာနဲ့ နှိုင်းယှဉ်ရင် အခြေအနေတော်တော်လေးဆိုးရွားလာတာ ထင်ရှားပါတယ်။

အိုကလာဟိုးမားပြည်နယ်မှာဆိုရင် အထိနာဆုံးဒေသတွေက ဂျုံစိုက်ခင်းတွေအတွက် အခုအချိန်မှာ မိုးရွာချလိုက်ရင်တောင် နောက်ကျသွားပြီလို့ အိုကလာဟိုးမားပြည်နယ်တက္ကသိုလ်မှ စိုက်ပျိုးရေးပညာရှင် အမန်ဒါဒီအိုလီဗီယာဆေးဗားက ဧပြီလနှောင်းပိုင်းကတည်းက သတိပေးခဲ့ပါတယ်။ တောင်ဒါကိုတာပြည်နယ်မှာလည်း လယ်သမားတွေက ဓာတ်မြေဩဇာဈေးနှုန်းအဆမတန်ကြီးမြင့်တာနဲ့ ရာသီဥတုဆိုးရွားတာတွေကြောင့် ဆောင်းဦးရာသီက စိုက်ပျိုးခဲ့တဲ့ ဂျုံခင်းတွေအတွက် မြေဩဇာကျွေးမယ့်အစီအစဉ်တွေကို ပြန်လည်သုံးသပ် တွက်ချက်နေရပြီလို့တောင် ဒါကိုတာပြည်နယ်တက္ကသိုလ်ရဲ့စိုက်ပျိုးရေးပညာရှင် ကလဲရန့်ဝင်းတာက ပြောပါတယ်။ အခုလိုမျိုး ဓာတ်မြေဩဇာကုန်ကျစရိတ်တွေ မြင့်တက်နေတဲ့အပေါ် အမေရိကန်အစိုးရအနေနဲ့ ဈေးနှုန်းသက်သာတဲ့ ဓာတ်မြေဩဇာတွေကို ပြည်တွင်းမှာပိုမိုထုတ်လုပ်နိုင်ဖို့အတွက် အလေးအနက် အာရုံစိုက်ဆောင်ရွက်နေတယ်လို့ အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

အိုကလာဟိုးမားပြည်နယ် တူဆာခရိုင်မှာ ဂျုံ နှံစားပြောင်းနဲ့ ပဲပုပ်တွေစိုက်ပျိုးတဲ့ တွမ်မီဆာလစ်ဘာရီလို လယ်သမားတွေအတွက်တော့ သွင်းအားစုစရိတ်တွေ မြင့်တက်လာတာဟာ ထရမ့်အစိုးရလက်ထက်က အခွန်စည်းကြပ်မှု နောက်ဆက်တွဲဒဏ်ကို ကုစားဖို့ပေးခဲ့တဲ့ ဒေါ်လာ ၁၂ ဘီလီယံကူညီထောက်ပံ့မှု အစီအစဉ်ကရရှိတဲ့ အကျိုးအမြတ်တွေကို လုံးဝဆုံးရှုံးသွားစေခဲ့ပါတယ်။ "ကျွန်တော်တို့က ၂၀၂၆ ခုနှစ်အတွက် သွင်းအားစုစရိတ်တွေကိုပေးနေရပေမယ့် ရောင်းရတဲ့ဈေးတွေကတော့ ၁၉၇၀ နဲ့ ၁၉၈၀ ပြည့်နှစ်တွေတုန်းက ဈေးနှုန်းတွေအတိုင်း ပြန်ရနေသလိုပဲ" လို့ သူက ရင်ဖွင့်ပါတယ်။ စိုက်ပျိုးရေးဝန်ကြီး ဘရွတ်ရိုးလင်းကတော့ အမေရိကန်လယ်သမားတွေရဲ့ ၈၀ ရာခိုင်နှုန်းခန့်ဟာ စစ်မဖြစ်ခင်ဆောင်းဦးရာသီကတည်းက သွင်းအားစုတွေကို ကြိုတင်ဝယ်ယူ စုဆောင်းထားနိုင်ခဲ့ကြတယ်လို့ဆိုပါတယ်။

ဒါပေမဲ့ စိုက်ပျိုးရေးသွင်းအားစုတွေကို ကြိုတင်ဝယ်ယူနိုင်တဲ့နှုန်းဟာ ဒေသတစ်ခုနဲ့တစ်ခု မတူဘဲ ကွာခြားချက်အလွန်ကြီးမားပါတယ်။ မစ်ဝက်ဒေသမှာရှိတဲ့လယ်သမားအများစုဟာ ၂၀၂၆ ခုနှစ်အတွက် ဓာတ်မြေဩဇာတွေကို ကြိုတင်အော်ဒါမှာယူနိုင်ခဲ့ကြပေမယ့် အရှေ့မြောက်ပိုင်း ဒါမှမဟုတ် တောင်ပိုင်းဒေသက လယ်သမားတွေကတော့ အဲဒီလို မလုပ်နိုင်ခဲ့ကြပါဘူး။ အကြောင်းရင်းက တောင်ပိုင်းဒေသမှာ လယ်သမားအများစုအနေနဲ့ဓာတ်မြေဩဇာတွေကို သိုလှောင်ထားဖို့ ကောင်းမွန်တဲ့သိုလှောင်ရုံတွေ မရှိကြခြင်းပါပဲ။ အနောက်တက္ကဆက်ပြည်နယ် အိုတန်မြို့မှာလယ်စိုက်တဲ့ ကိုဒီကာဆန်ကတော့ သူဟာ ဓာတ်မြေဩဇာတွေကို ကြိုတင်ဝယ်မထားရသေးသလို သူပိုင်ဆိုင်တဲ့ ဝါစိုက်ခင်း ဧက ၂၄၀၀ အတွက်လည်း ဓာတ်မြေဩဇာကို လုံးဝဝယ်တော့မှာမဟုတ်ဘူးလို့ ပြောပါတယ်။ မိုးခေါင်ရေရှားမှုကြောင့် သူ့ရဲ့ ဆောင်းသီးနှံဂျုံ ထွက်နှုန်းဟာ မူလက တစ်ဧကကို တင်း ၈၀ လောက် ထွက်မယ်လို့မျှော်မှန်းထားပေမယ့် အခုတော့ တစ်ဧကကို ၁၈ တင်းမှတင်း ၂၀ လောက်ပဲ ထွက်တော့မယ့် အခြေအနေမှာသာရှိနေပါတယ်။ "ကျွန်တော့်အနေနဲ့ သီးနှံတောင် ကောင်းကောင်း ထွက်ပါ့မလားမသေချာတဲ့ အခြေအနေမျိုးမှာ ငွေကြေးအရ ဘယ်လိုလုပ်စွန့်စားပြီးတော့ ဒီလောက်ဈေးကြီးတဲ့ ဓာတ်မြေဩဇာတွေကို သွားမှာရဲမှာလဲဗျာ" လို့ ကာဆန်က မေးခွန်းထုတ်ပါတယ်။

တက္ကဆက်ပြည်နယ် ပီတာစဘတ်မြို့မှာ ဝါဂွမ်း၊ ပြောင်းဖူးနဲ့ နှံစားပြောင်းစိုက်ပျိုးတဲ့ တွမ်ဂရက်ဂိုရီကလည်း ဓာတ်မြေဩဇာကို ကြိုတင်ဝယ်မထားခဲ့တဲ့ လယ်သမားတစ်ဦးပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတုန်းက ဓာတ်မြေဩဇာတစ်တန်ကို ၄၀၂ ဒေါ်လာပဲ ရှိခဲ့ရာကနေ ဧပြီလရောက်တဲ့အခါ ၅၅၈ ဒေါ်လာအထိ ဈေးနှုန်းတွေ တက်လာတာနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ သူကဆိုပါတယ်။ ဒါပေမဲ့လည်း လယ်ယာစိုက်ပျိုးရေးဟာ သူ့ရဲ့ တစ်ခုတည်းသော အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်သလို မိသားစုရိုးရာအလုပ်လည်း ဖြစ်တာကြောင့် နွေဦးကာလမှာစိုက်ပျိုးမှုတွေကို ဘယ်လိုနည်းနဲ့မဆို ဆက်လုပ်ဖို့ ဂရက်ဂိုရီတစ်ယောက် ကြိုးစားနေရဆဲဖြစ်ပါတယ်။ သူကတော့ ဓာတ်မြေဩဇာကို တတ်နိုင်သမျှအနည်းဆုံး ချွေတာသုံးစွဲသွားမယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ နှစ်အနည်းငယ်တုန်းက သွင်းအားစုစရိတ်တွေတက်လာတာကို သီးနှံအထွက်နှုန်းပိုကောင်းအောင်လုပ်ပြီး ကာမိအောင် သူ ကြိုးစားခဲ့ဖူးတယ်လို့ ဂရက်ဂိုရီက ပြောပါတယ်။ ဒါပေမဲ့ အဲဒီဗျူဟာနဲ့ မျှော်လင့်ချက်တွေက ပထမတော့ မိုးခေါင်လို့ အခုကျတော့ ဓာတ်မြေဩဇာဈေးတွေတက်လို့ဆိုပြီး တဖြည်းဖြည်းနဲ့ ပျောက်ပျက်သွားခဲ့ရပါပြီ။ ဒီလိုအခြေအနေမျိုးမှာအကျပ်အတည်းကာလကို ဖြတ်ကျော်နိုင်ဖို့အတွက် သူဟာ ဘာသာရေးယုံကြည်ချက်၊ မိသားစုနဲ့ ကိုယ်လက်လှုပ်ရှား အားကစားလုပ်ခြင်းတို့အပေါ်မှာပဲ အားကိုးပြီး စိတ်ကိုတည်ငြိမ်အောင် ထိန်းထားရတယ်လို့ ဂရက်ဂိုရီကဆိုပါတယ်။ အခုလိုအခြေအနေမျိုးဟာ အမေရိကန်လယ်သမားအများစု ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေဖြစ်နေပြီး ဒီအခက်အခဲကိုကျော်လွှားနိုင်ဖို့ဆိုတာ အမေရိကန်အစိုးရရဲ့လုပ်ဆောင်ချက်များစွာ လိုအပ်သလို ကံတရားရဲ့ဖေးမမှုလည်းလိုအပ်နေတာဖြစ်ပါတယ်။

**Ref: ST**

**ထက်မြတ်**

# စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co.,Ltd.(TPE) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Sergey A. Kopylov ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၁

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ SME Center ၌ ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့်တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဆွေးနွေးဟောပြောပွဲသည် လက်ရှိဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများအပေါ်မူတည်ပြီး ထုတ်ပြန်ထားရှိသည့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုအကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာများကို ဆွေးနွေးခဲ့ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co.,Ltd.(TPE) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဆာဂေး အေ ကိုပီလော့ဗ်(Mr.Sergey A. Kopylov) ဦးဆောင်သည့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းရှိ စွန့်ပစ်အပူသုံးဓာတ်အားထုတ်လုပ်ရေးအလုပ်ရုံ(HRPS)အမြန်ဆုံးလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ Romelt နည်းစဉ်ဖြင့် ဆောင်ရွက်မည့် သံရည်ကျိုအလုပ်ရုံ ပြန်လည်လည်ပတ်နိုင်ရေးနှင့်ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရမှ ကူညီပံ့ပိုးပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအား လိုအပ်ချက်အပေါ်မူတည်၍ ညှိနှိုင်းပြင်ဆင်ချုပ်ဆိုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

မြဝတီ

---

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၄၂၃ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၂၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေလ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင်ငွေကျပ် ၇၄၂၃ ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www. doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

မြဝတီ

---

## ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်နှင့် ဟံသာဝတီမြို့ဟောင်း ပြန်လည်ဖော်ထုတ်ထိန်းသိမ်းထားရှိမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၁

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယမန်နေ့က ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်နှင့် ဟံသာဝတီမြို့ရိုး၊ ကျုံးပြန်လည်ဖော်ထုတ်ထိန်းသိမ်းထားမှုကိုကြည့်ရှုစစ်ဆေးပြီး အများပြည်သူကြည့်ရှုနားလည်နိုင်စေရန် ကျွန်းတိုင်များအနီးတွင် ကျွန်းတိုင်ရရှိပုံ၊ မူလအနေအထားရှင်းလင်းချက်စာသားများထားရှိရန် မှာကြားသည်။

ထို့နောက် လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်တွင် ပြသထားသော Panel Board ရှိ ရှင်းလင်းဖော်ပြချက်များ၊ မြေနန်းပြာသာဒ်ဆောင်ရှိသီဟာသနပလ္လင်နှင့် မင်းခမ်းတော်ပစ္စည်းများ၊ လက်ယာဝင်းဆောင်တွင် ပြသထားသောနန်းတော်ကျွန်းတိုင်များ၊ မုတ္တမစဉ့်အိုးကြီးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဟံသာဝတီမြို့ဟောင်း အရှေ့ဘက်မြို့ရိုး အင်းဝတံခါးမြို့ရိုးနှင့် ကျုံးကြားနေရာများတွင် ပြည်သူများအနားယူအပန်းဖြေနိုင်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်သူများတွေ့မြင်သိရှိပြီး ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်စေရန်၊ ရှင်းလင်းချက်များရေးသားထားရန် ဆွေးနွေးပြီး ဖော်ထုတ်ထိန်းသိမ်းထားသော နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြောက်ဘက်မြို့ရိုး တံခါးပေါက်(၅)ပေါက်အနက် မုတ္တမတံခါးကို ကြည့်ရှုစစ်ဆေးပြီး ကျုံးကူးတံတားတည်ရှိခဲ့မှု သမိုင်းအထောက်အထားများရှာဖွေလေ့လာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

---

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့တွင် ကျင်းပသည့် "ချုံချင့်နိုင်ငံတကာချစ်ကြည်ရေးမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကွန်ဖရင့် ၂၀၂၆" သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် မေ ၂၁

ချုံချင့်နိုင်ငံတကာ ချစ်ကြည်ရေးမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကွန်ဖရင့် ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကို မေလ ၁၉ ရက်နှင့်၂၀ရက်တို့တွင် ချုံချင့်မြို့ရှိ Yuzhou ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

အခမ်းအနားတွင် ချုံချင့်မြူနီစီပယ်ကော်မတီ CPC အတွင်းရေးမှူးနှင့် CPC ဗဟိုကော်မတီ၏ပေါ်လစ်ဗျူရိုအဖွဲ့ဝင် Mr. Yuan Jiajun တို့ကဖွင့်လှစ်ပေးကာ ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် Mr. Zheng Xiangdong က အဖွင့်အမှာစကားပြောကြားသည်၊ အခမ်းအနားသို့ နိုင်ငံပေါင်း ၂၉ နိုင်ငံနှင့် မြို့ပေါင်း ၃၈ မြို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ နိုင်ငံတကာချစ်ကြည်ရေးအဖွဲ့အစည်း ၉ ခု၊ နိုင်ငံပေါင်း ၁၇ နိုင်ငံမှသံတမန်များ၊ ချုံချင့်နှင့်ချန်ဒူးမြို့ အခြေစိုက်ကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များ၊ နိုင်ငံခြားလုပ်ငန်းရှင်များနှင့် စီးပွားရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး မြို့ပြများအကြောင်းမိတ်ဆက်ပြသပြီး ချုံချင့်မြို့၏နိုင်ငံတကာချစ်ကြည်ရေးမြို့တော်များ၏ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအောင်မြင်မှုများကိုခင်းကျင်းပြသသည်။

မေလ၂၀ ရက် မွန်းလွဲပိုင်းတွင် ချုံချင့်မြူနီစီပယ်အစိုးရ နိုင်ငံခြားရေးဌာနတွင် ကျင်းပသည့် နိုင်ငံတကာမိတ်ဖက်ချစ်ကြည်ရေးမြို့တော်များ၏ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှီးနှောဖလှယ်ပွဲနှင့် ယင်းနေ့ညပိုင်းတွင် Yuelai Wyndham Hotel ၌ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်ဒေသအကြား ချစ်ကြည်ရေး ညီအစ်မဒေသများထူထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အဆိုပါနားလည်မှုစာချွန်လွှာကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် Mr. Huang Maojun တို့ကလက်မှတ်ရေးထိုးကြသည်။ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင်



လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ခဲ့ကြောင်းသိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)





ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများ ဟားခါးမြို့သို့ထွက်ခွာစဉ်။

❒ ကျောဖုံးမှအဆက်

ယာယီနေရပ်စွန့်ခွာခဲ့ရသည့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏နေရပ်သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများပြန်လည်လည်ပတ်ကာ ဒေသခံပြည်သူလူထု၏ လူမှု၊ စီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ပြန်လည်ဖော်ဆောင်ပေးနိုင်ရေး၊ စားသောက်နေထိုင်မှု အဆင်ပြေစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်လက်တွဲဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်သည် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ်၊ ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုအခါ ဟားခါး- ဖလမ်း- တီးတိန်- တွန်းဇံ -ကျီးခါးလမ်းကြောင်းနှင့် ကလေး- သိုင်းငင်း- ဖလမ်း -ဟားခါး လမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ဖလမ်းမြို့သို့ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး ၎င်းတို့အတွက် လိုအပ်သည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ မြို့ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားကူညီထောက်ပံ့ရေးပစ္စည်းများပါဝင်သည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များသည် မေလ ၂၀ ရက်တွင် ဖလမ်းမြို့သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

အဆိုပါ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများပါဝင်သည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ယနေ့တွင် ဟားခါးမြို့သို့ ဆက်လက်ထွက်ခွာကြပြီး ဟားခါးမြို့ရှိဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများအချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများသည် ဟားခါးမြို့သို့ ယနေ့ ညနေပိုင်းတွင် ရောက်ရှိကြရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အိုးစည်ဒိုးပတ်များ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြကြောင်းသိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ကလေး - သိုင်းငင်း - ဖလမ်း - ဟားခါး ဆက်သွယ်ရေးလမ်းကြောင်းအား ယာယီစိုးမိုးပိတ်ဆို့ထားစဉ် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ဟားခါးမြို့၌ စားသောက်ကုန်နှင့် လူသုံးကုန်များ ရှားပါးလာခြင်း၊ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများဖြစ်ပေါ်ပြီး ဈေးနှုန်းများ ကြီးမြင့်လာခြင်း၊ ဆေးဝါး၊ ဆေးရုံသုံးပစ္စည်းများ ပို့ဆောင်ရခက်ခဲခြင်းကြောင့် ဟားခါးမြို့ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍတွင် အခက်အခဲများ ဖြစ်ပေါ်လာခြင်းနှင့် ဒေသထုတ်ကုန်များ တင်ပို့ရောင်းဝယ်နိုင်ခြင်းမရှိတော့သဖြင့် ဒေသစီးပွားရေးကျဆင်းခြင်းတို့ကို ပြည်သူများအနေဖြင့် ခါးစည်းခံခဲ့ရကြောင်း သိရှိရသည်။

လက်ရှိတွင် ဟားခါးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ဒေသခံပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ ကလေး- သိုင်းငင်း- ဖလမ်း- ဟားခါး လမ်းကြောင်းတစ်လျှောက်တွင်လည်း ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်းသွားလာလျက်ရှိကြောင်းသိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ ပညာရည်မြင့်မားရေးများကို အစဉ်တစိုက်ဖော်ဆောင်ပေးလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နေ့မအား ညမအား ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ယခုအခါ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုတို့၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများကို မျက်ဝါးထင်ထင် သိမြင်ခံစားတန်ဖိုးထားတတ်လာပြီး ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများမှာလည်း ပုံမှန်အတိုင်း ပြန်လည်လည်ပတ်တော့မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများ ဟားခါးမြို့သို့ထွက်ခွာစဉ်။



ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများ ဟားခါးမြို့သို့ရောက်ရှိစဉ်။



ဟားခါးမြို့သို့ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုကြစဉ်။





ဟားခါးမြို့သို့ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုကြစဉ်။

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး၏ ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူခြင်းပြုလုပ်



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၂၁**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး၏ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့၊ ပညာရေးမှူးရုံးရှေ့၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့မှ မြန်မာ့ကျောင်းသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းအပ်နှံရေးနေ့မြေစိုက်ပိုစတာအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ နှစ်(၂၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပပြုလုပ်

**နေပြည်တော် မေ ၂၁**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ နှစ်(၂၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို တိုင်းစစ်ဌာနချုပ်၊ စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ နှစ်(၂၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဦးစွာ တိုင်းမှူးက နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ နှစ်(၂၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားပြီး တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြတပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကို တိုင်းစစ်ဌာနချုပ်၊ အောင်ငြိမ်းအေးခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။ ယင်းနောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက အိမ်ထောင်သည်လိုင်းသန့်ရှင်းရေးအကောင်းဆုံးဆု၊ စိုက်ပျိုး/မွေးမြူရေးအကောင်းဆုံးဆုနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးအစီအစဉ်ဖြင့် ဖွင့်လှစ်သောသင်တန်းများတွင် ထူးချွန်ဆုရရှိသည့် စစ်သည် ၄ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများချီးမြှင့်ကြပြီး တိုင်းစစ်ဌာနချုပ်မှ အရာရှိ စစ်သည်၊ မိသားစုများအား အမှတ်တရပစ္စည်းများပေးအပ်သည်။ ဆက်လက်၍ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ နှစ်(၂၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင်စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ပန်းကုံးစွပ်၍လည်းကောင်း၊ ဘင်ခရာများ၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၈ |
| ရှမ်း(မြောက်) | ၂၀ | ၃၆ |
| ရှမ်း(အရှေ့) | ၂၁ | ၃၆ |
| ရှမ်း(တောင်) | ၁၇ | ၃၀ |
| ချင်း | ၁၃ | ၂၉ |
| စစ်ကိုင်း(အထက်) | ၂၆ | ၄၁ |
| စစ်ကိုင်း(အောက်) | ၂၇ | ၄၀ |
| နေပြည်တော် | ၂၆ | ၃၇ |
| မန္တလေး | ၂၇ | ၃၉ |
| မကွေး | ၂၆ | ၄၁ |
| ရခိုင် | ၂၅ | ၃၅ |
| ပဲခူး | ၂၅ | ၃၆ |
| ရန်ကုန် | ၂၄ | ၃၇ |
| ဧရာဝတီ | ၂၅ | ၃၈ |
| ကယား | ၂၀ | ၃၂ |
| ကရင် | ၂၄ | ၃၃ |
| မွန် | ၂၃ | ၃၄ |
| တနင်္သာရီ | ၂၄ | ၃၄ |

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)10/MR(ML/YUG) Kyat/26–27 | Engine Spare Parts for D.E.L & D.H.L(၄၈)မျိုးဝယ်ယူခြင်း |
| ၂ | 12(T)11/MR(ML/YUG) Kyat/26–27 | Spare Parts for Tran:, Bogie:, Cool:, Aux:(၄၄)မျိုးဝယ်ယူခြင်း |
| ၃ | 12(T)12/MR(ML/YUG) Kyat/26–27 | Spare Parts for Diesel Electric(၂၁)မျိုးဝယ်ယူခြင်း |
| ၄ | 12(T)13/MR(ML/YUG) Kyat/26–27 | သံရည်ကျိုနှင့် ကုန်ကြမ်းပစ္စည်း(၂၉)မျိုးဝယ်ယူခြင်း |
| ၅ | 12(T)14/MR(ML/YUG) Kyat/26–27 | စက်ပစ္စည်းကိရိယာ(၁၉)မျိုးဝယ်ယူခြင်း |
| ၆ | ၄၅/မမ/S & T | X Ray Machine(3)Nos ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၉-၆-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၂-၅-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး၊ ရန်ကုန်
## " အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ရန်ကုန်မြို့၊ ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီး၊ ပင်မဆေးသိုလှောင်ရုံတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် Fire Fighting System တပ်ဆင်ခြင်းလုပ်ငန်းပြုလုပ်မည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုလိုင်စင်ရ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် တစ်သောင်းငါးထောင်ကျပ်တိတိ (၁၅၀၀၀/-)ဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၂၆-၅-၂၀၂၆)
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - (၈-၆-၂၀၂၆) ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်စာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်ကလေးဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့**
**ဆက်သွယ်ရမည့်ဖုန်း-၀၉-၂၅၄၃၁၃၅၁၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့တွင် လိုအပ်သောဓာတ်ခွဲခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Consumables များနှင့် Reagents များဝယ်ယူရန် အိတ်ဖွင့်တင်ဒါအား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၂၅-၅-၂၀၂၆)ရက်(တနင်္လာနေ့)
ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ - အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ အမှတ်(၃၅)၊ မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၈-၆-၂၀၂၆)ရက်(တနင်္လာနေ့) ညနေ (၄:၀၀)နာရီ
ဆက်သွယ်ရန်ဖုန်း - ၀၁-၈၃၇၁၉၅၇၊ ၀၉-၄၄၃၀၉၇၁၈၃

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

**ပျောက်ဆုံးကြောင်း**
ချစ်ကိုကို(ဘ)ဦးသန်းမြင့် ၈/ရနခ(နိုင်)၀၁၆၀၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဇော်ဝင်းနိုင်(ဘ)ဦးတင်အေး ၉/ပဘန(နိုင်)၀၁၀၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၆၀၁၉၇၂

**ပျောက်ဆုံး ကြောင်း**
အိသဥ္ဇာလွင်(ဘ)ဦးဝင်းဇော် ၁၀/ကမရ(နိုင်)၁၃၆၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 989598)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၄၁၄၈၇၇

**ပျောက်ဆုံးကြောင်း**
စုလတ်မွန်(ဘ)ဦးအောင်မြင့် ၈/အလန(နိုင်)၁၈၂၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မိုးသူဇာ(ဘ)ဦးအုန်းကြိုင် ၇/ဒဥန(နိုင်)၁၂၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စစ်တွေမြို့နေ မင်းထိန်မောင်လွင်(ဘ)ဦးမောင်မောင်လွင် ၁၁/စတန(နိုင်)၀၈၅၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Nuclelc Acid Isolation System | ၁ မျိုး |
| ၂။ | Wheel Loader | ၁ မျိုး |
| ၃။ | ရုံးသုံးစက်ကိရိယာများ | ၁၀ မျိုး |

တင်ဒါရောင်းချမည့်ရက် - ၂၁-၅-၂၀၂၆/နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၅-၆-၂၀၂၆/နေ့လယ် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ကြည်း ၁၀၆၇၇
## ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း)
## အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းရိုးတန်းလမ်း၊ အမှတ်(၄၃)နေ (ဦးလှကျော်-ဒေါ်ညိုမ)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ (၇)ရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၃၂)နေ (ဦးကျော်ထင်-ဒေါ်မြအေး)တို့၏သားသမက်၊ ဗိုလ်မှူးကြီးသက်ထွန်းဦး-ဒေါက်တာအေးမြသန္တာ၊ ဒုတိယဗိုလ်မှူးကြီးနိုင်စိုး-ဒေါ်မေသော်တာမောင်၊ ဦးစည်သူအောင်-ဒေါ်ဇင်မာသန်းတို့၏ဖခင်၊ မောင်ဟိန်းထက်အောင်၊ မကြယ်စင်မြင့်မိုရ်၊ မကံ့ကော်ရွှေရည်စိုး၊ မောင်လင်းလက်မှူးသော်၊ မသဒ္ဒါအိမ့်သူ၊ မသုန္ဒြေအိမ့်သူတို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်မြမြသိန်း၏ချစ်လှစွာသောခင်ပွန်း ကြည်း ၁၀၆၇၇ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)သည် ၂၀-၅-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃ နာရီခန့်တွင် ပြင်ဦးလွင်မြို့၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၆ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## JADE SEEKER COMPANY LIMITED
## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
## အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "JADE SEEKER COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၁-၅-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| ဒေါ်ဖြူဖြူငြိမ်း | ဦးစန်းလှိုင် | ဦးထွန်းကျော်ဝင်း |
|---|---|---|
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | ဒါရိုက်တာ | ဒါရိုက်တာ |
| | JADE SEEKER COMPANY LIMITED | JADE SEEKER COMPANY LIMITED |

## JADE RAINBOW COMPANY LIMITED
## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
## အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "JADE RAINBOW COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၁-၅-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| ဒေါ်ဖြူဖြူငြိမ်း | ဦးစန်းလှိုင် | ဦးထွန်းကျော်ဝင်း |
|---|---|---|
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | ဒါရိုက်တာ | ဒါရိုက်တာ |
| | JADE RAINBOW COMPANY LIMITED | JADE RAINBOW COMPANY LIMITED |

## JADE SPECIALIST COMPANY LIMITED
## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
## အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "JADE SPECIALIST COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၈-၅-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| ဒေါ်ဖြူဖြူငြိမ်း | ဒေါ်ရွှေနု | ဦးစန်းတင် | ဦးထွန်းကျော်ဝင်း |
|---|---|---|---|
| စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ | ဒါရိုက်တာ | ဒါရိုက်တာ | ဒါရိုက်တာ |
| | JADE SPECIALIST COMPANY LIMITED | JADE SPECIALIST COMPANY LIMITED | JADE SPECIALIST COMPANY LIMITED |

## အစည်းအဝေးအကြောင်းကြားစာ
## (မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(င)(၂)အရ)
## "Chic 'N' Go Co.,Ltd."

ကျွန်တော်တို့ "Chic 'N' Go Co.,Ltd." သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏အတည်ပြုချက်ရယူမည့်အစည်းအဝေးကို (၂၀-၅-၂၀၂၆)ရက်နေ့ နံနက် ၁၀:၀၀ နာရီတွင် No.191, 192, Corner of Kyansitthar St And 12th St, Ward(1), Mayangone Tsp Yangon, Myanmar ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

Chic 'N' Go Co.,Ltd.
၀၉-၅၁၉၂၉၀၀

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနှင့်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သောဆက်စပ်ပစ္စည်းများဝယ်ယူခြင်းနှင့် ရုံးသုံးစက်ပစ္စည်း(Printer)ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၅-၂၀၂၆ ရက်(သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက် - ၃-၆-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၅-၆-၂၀၂၆ ရက်(သောကြာနေ့) (၁၆:၀၀)နာရီထိ

၂။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာဝယ်ယူခြင်းများကို ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး(ပဲခူးမြို့)အင်ဂျင်နီယာဌာန၊ ဖုန်း-၀၅၂-၂၂၂၂၂၈၇ သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
# ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့တွင် လျှောက်ထားနိုင်ပါသည်။

**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | | | |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) | အထက(၂)မိုးညှင်း | | |
| ၂။ | ကရင်ပြည်နယ် | (၂) | အထက(၂)ကော့ကရိတ် | (၃) | အထက(၂)မြဝတီ |
| ၃။ | ချင်းပြည်နယ် | (၄) | အထက(၂)ဟားခါး | (၅) | အထက(၁)တီးတိန် |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | (၆) | အထက(၁)ရွှေဘို | (၈) | အထက(၁)ကလေး |
| | | (၇) | အထက-အုန်းတော | | |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | (၉) | အထက-အောက်လိပ် | | |
| ၆။ | ပဲခူးတိုင်းဒေသကြီး | (၁၀) | အထက-အုန်းနဲ့ | (၁၂) | အထက-အေးမြသာယာ |
| | | (၁၁) | အထက-ပဲနွယ်ကုန်း | (၁၃) | အထက-သဲကုန်း |
| ၇။ | မကွေးတိုင်းဒေသကြီး | (၁၄) | အထက-စကု | (၁၆) | အထက(၁)သရက် |
| | | (၁၅) | အထက-ပြည်လို့ | (၁၇) | အထက-ငွေးချို |
| ၈။ | မန္တလေးတိုင်းဒေသကြီး | (၁၈) | အထက(၁)ပျော်ဘွယ် | (၂၁) | အထက-တံတားဦး |
| | | (၁၉) | အထက-လက်ပံပြား | (၂၂) | အထက(ခွဲ)လ-၁(ပြင်ဦးလွင်) |
| | | (၂၀) | အထက-ပလစ(၂)(အမရပူရ) | | |
| ၉။ | မွန်ပြည်နယ် | (၂၃) | အထက-ဟံဂံ | (၂၅) | အထက(၂)ကျိုက်ထို |
| | | (၂၄) | အထက(၁)သထုံ | | |
| ၁၀။ | ရခိုင်ပြည်နယ် | (၂၆) | အထက(၃)ကျောက်ဖြူ | | |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | (၂၇) | အထက-စိုက်မွေး | (၃၂) | အထက-သုဝဏ္ဏ |
| | | (၂၈) | အထက-ညောင်နှစ်ပင် | (၃၃) | အထက(၂)သာကေတ |
| | | (၂၉) | အထက-ငါးဆူတောင် | (၃၄) | အထက-ဖားကူး(သန်လျင်) |
| | | (၃၀) | အထက-တိုက်ကြီး | (၃၅) | အထက(၆)မြောက်ဥက္ကလာ |
| | | (၃၁) | အထက(၄)မင်္ဂလာဒုံ | | |
| ၁၂။ | ရှမ်းပြည်နယ်(တောင်) | (၃၆) | အထက(ခွဲ)လေတပ်(နမ့်စန်-တ) | (၃၈) | အထက(၇)အင်းခေါင်း |
| | | (၃၇) | အထက-ဝမ်ဟတ် | (၃၉) | အထက-မိုင်းနောင် |
| ၁၃။ | ရှမ်းပြည်နယ်(မြောက်) | (၄၀) | အထက(၁)လားရှိုး | (၄၁) | အထက(၃)ကျောက်မဲ |
| ၁၄။ | ရှမ်းပြည်နယ်(ရှေ့) | (၄၂) | အထက-တပ်တွင်း(မိုင်းယောင်း) | (၄၄) | အထက-နားကောင်းမူး(မိုင်းတုံ) |
| | | (၄၃) | အထက(ခွဲ)(မိုင်းဆတ်) | (၄၅) | အထက-မိုင်းကိုး |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | (၄၆) | အထက(၁)ဒေးဒရဲ | (၄၉) | အထက(၂)ကျုံပျော် |
| | | (၄၇) | အထက-စကြော့ | (၅၀) | အထက-ဂုန်နီ |
| | | (၄၈) | အထက-ချင်းမြောင် | (၅၁) | အထက(၃)မိုင်(လပွတ္တာ) |
| ၁၆။ | နေပြည်တော် | (၅၂) | အထက(၂၀)ပုဗ္ဗသီရိ | (၅၄) | အထက-MRTV(တပ်ကုန်း) |
| | | (၅၃) | အထက-ပျံချီ | | |
| ၁၇။ | **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | | | | |
| | ပအိုဝ့် | (၅၅) | အထက(ခွဲ)ပေါင်လင်း | | |
| | ဓနု | (၅၆) | အထက-ကျုံး | | |
| | နာဂ | (၅၇) | အထက-နန်းယွန်း | | |

**အစိုးရနည်းပညာအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | | | |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) | အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား) | (၂) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) |
| ၂။ | ကယားပြည်နယ် | (၃) | အစိုးရနည်းပညာအထက်တန်းကျောင်း(လွိုင်ကော်) | | |
| ၃။ | ကရင်ပြည်နယ် | (၄) | အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) | | |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | (၅) | အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ) | (၆) | အစိုးရနည်းပညာအထက်တန်းကျောင်း(ခန္တီး) |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | (၇) | အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်) | (၉) | အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်) |
| | | (၈) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကော့သောင်း) | | |
| ၆။ | ပဲခူးတိုင်းဒေသကြီး | (၁၀) | အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ) | (၁၁) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်) |
| ၇။ | မကွေးတိုင်းဒေသကြီး | (၁၂) | အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး) | (၁၃) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ) |
| ၈။ | မန္တလေးတိုင်းဒေသကြီး | (၁၄) | အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) | (၁၆) | အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) |
| | | (၁၅) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) | (၁၇) | အစိုးရနည်းပညာအထက်တန်းကျောင်း(မြင်းခြံ) |
| ၉။ | မွန်ပြည်နယ် | (၁၈) | အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) | | |
| ၁၀။ | ရခိုင်ပြည်နယ် | (၁၉) | အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ) | | |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | (၂၀) | အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း) | (၂၁) | အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) |
| ၁၂။ | ရှမ်းပြည်နယ်(တောင်) | (၂၂) | အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး) | (၂၄) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်) |
| | | (၂၃) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ) | | |
| ၁၃။ | ရှမ်းပြည်နယ်(ရှေ့) | (၂၅) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ) | | |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | (၂၆) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်) | (၂၇) | အစိုးရနည်းပညာအထက်တန်းကျောင်း(ဟင်္သာတ) |
| ၁၅။ | နေပြည်တော် | (၂၈) | အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်) | | |
| ၁၆။ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | (၂၉) | အစိုးရနည်းပညာအထက်တန်းကျောင်း(လဟယ်) | | |

အောက်ဖော်ပြပါသင်တန်းသားသစ်များခေါ်ယူမည်ဖြစ်ပါသည်-

၂။ လျှောက်ထားသူသည်

(က) နည်းပညာနှင့်သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်။

(ဂ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်။

(ဃ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ(သို့မဟုတ်) ကျရှုံးသူများ(သို့မဟုတ်)ရပ်နားထားသူများဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် အပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)ပါအစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ်မူတည်၍ ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက B.Tech ပထမနှစ်သင်တန်းနှင့် BE ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့်ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများပေးအပ်မည့် အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် ခရိုင်တူ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း(Building Technology)

(ခ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)

(ဂ) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

၇။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း(Building Technology)

(ခ) အီလက်ထရောနစ်နည်းပညာသင်တန်း(Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း(Automotive Technology)

(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း(Machining Technology)

(စ) အဆောက်အဦပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း(Building Service Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း(Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း(Information Technology)

၈။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၂၁-၅-၂၀၂၆ ရက်မှစတင်ထုတ်ယူနိုင်ပြီး ၃၀-၅-၂၀၂၆ ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းရေးရာဌာနခွဲ၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇- ၃၄၀၄၃၉၀၊ ၀၆၇-၃၄၀၄၁၈၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "
UnionPay
MPU
Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment
Via E-commerce
Phone No : (01) 2301367, 2301368, 2301452, 2301378


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် -နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
PYIN OO LWIN
NAN MYAING
Black Coffee
Nan Myaing 2+1 coffee
Mount Pleasant
2 plus 1
Drip Coffee
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ACDFM) ကို Video Conferencing စနစ်ဖြင့်ကျင်းပပြုလုပ်






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ASEAN Chiefs of Defence Forces Meeting – 23rd ACDFM) ကို Video Conferencing စနစ်ဖြင့်တက်ရောက်စဉ်။

**နေပြည်တော်　မေ　၂၁**

(၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ASEAN Chiefs of Defence Forces Meeting – 23rd ACDFM) ကို ယနေ့နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ကြပြီး ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Paduka Seri Haji Muhammed Haszaimi bin Bol Hassan နှင့် ကိုယ်စားလှယ်အဖွဲ့များ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ●

# ဟားခါးမြို့ရှိ ဒေသခံပြည်သူများအတွက် စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များရောက်ရှိ၊ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်စကားကြိုဆို

**နေပြည်တော်　မေ　၂၁**

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်ဒေသများ၌ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation)များကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့်ဆောင်ရွက်၍ မြို့ရွာများအား အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ပြီး အရေးပါသည့်ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်ပေးခြင်း၊ အကြမ်းဖက်သမားများကြောင့်

စာမျက်နှာ ၂၇ ကော်လံ ၁ ❐



ဟားခါးမြို့သို့ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်စွာကြိုဆိုကြစဉ်။

**ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများနှင့် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံဖမ်းဆီးရမိ**

စာ – ၂၂ သို့

Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။
ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် – အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် – STARMART Nay Pyi Taw ရန်ကုန် – မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး – STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၆
ငွေသွင်း၊ ငွေထုတ်
ဖုန်းဘေလ် ဖြည့်သွင်းခြင်း
မီတာဘေလ် ပေးဆောင်ခြင်း